ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (29-2-2008) (၅၆၀၈)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျေးရွာများသို့ သတင်းစာဖိုး တစ်နှစ်စာလှူဒါန်းပွဲ၊ ပညာသင်ဆုချီးမြှင့်ပွဲနှင့် စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်များ လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် လားရှိုးမြို့ ရွှေလီရိပ်သာ၌ International Language Business Center (ILBC) ကျောင်းသားများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းမှ ဘက်ထရီအားသုံး လျှပ်စစ်မော်တော်ယာဉ်နှစ်စီး၏ သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုအားပေးသည်။**

အဆိုပါ လျှပ်စစ်မော်တော်ယာဉ်များမှာ ဘက်ထရီ ၁၀ လုံး တပ်ဆင်ထားရှိပြီး တစ်ကြိမ်အားသွင်းပါက လေးနာရီသာ ကြာမြင့်ပြီး ကီလိုမီတာ ၁၀၀ အထိ သွားနိုင်မည်ဖြစ်ကာ လျှပ်စစ်မော်တော်ယာဉ်နည်းပညာများကို နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား လက်ဆင့်ကမ်း ပညာပေးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့ ရွှေလီရိပ်သာ၌ International Language Business Center(ILBC) ကျောင်းသားများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းမှ ဘက်ထရီအားသုံး လျှပ်စစ်မော်တော်ယာဉ်နှစ်စီးကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကြေးမုံ The Mirror — နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အဆများစွာ ပိုမိုဖော်ဆောင်ပေးထား

အကျဉ်းချုံး၍ လေ့လာလျှင်ပင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန်သာရှိတော့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ယခင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်ရော၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အဆများစွာ ပိုမိုဖော်ဆောင်ပေးထားခြင်းဖြစ်ကြောင်း တွေ့ရှိရမည်သာဖြစ်သည်။

စိုင်းသီဟ၏ **"ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးလည်မသုန် ချီတက်ကြကုန်အံ့"**

(ဆောင်းပါး) စာမျက်နှာ—၈၊၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၉-၂-၂၀၀၈
(သောကြာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆည်တမံရေထိန်းတံခါးများ တိုးချဲ့ဖွင့်လှစ် မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုး

စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးစားသုံးမှု ဖူလုံပိုလျှံရေး၊ စားသုံးဆီဖူလုံရေး ရည်မှန်းဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးဆဲ လယ်မြေများ၏ တစ်ဧကအထွက်နှုန်း တိုးတက်လာရေးတို့အတွက် လိုအပ်ချက်များကို အလေးထား စီမံဖြည့်ဆည်းပေးနေသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးတွင် အဓိကလိုအပ်နေသည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို သဘာဝအခြေအနေပေးသည့် နယ်မြေဒေသတိုင်း၌ တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရန်ကုန်တိုင်း သုံးခွမြို့နယ် တကောကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် တကောရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ဖွင့်လှစ်လိုက်သည်။

တကောရေထိန်းတံခါးသည် နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပြီးစီးခဲ့သည့် ၂၀၈ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ ၁၈ ခုမြောက် ဆည်မြောင်းစီမံကိန်းလည်းဖြစ်သည်။ အဆိုပါ ရေထိန်းတံခါးကို တကော ချောင်းပေါ်တွင် တည်ဆောက်ထားရာ ရေချိုများကို သိုလှောင်ထားနိုင်ပြီး သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၁၅၀၀၀ ၌ မိုးနှောင်းကာလ မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်သည့်အပြင် ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေးအတွက် ရေပေးသွင်းနိုင်မည်ဖြစ်သည်။

ထို့အပြင် မိုးယွန်းကြီးအင်းမှတစ်ဆင့် ပဲခူး-စစ်တောင်း တူးမြောင်းသို့ ရေသွယ်ယူပြီး ခရမ်းချောင်းအထိ ရေသွယ်မြောင်းကြီးများ တူးဖော်၍ ရေပေးဝေလျက်ရှိရာ ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်တို့မှ စိုက်ပျိုးမြေဧက ငါးသောင်းခန့်ကို အကျိုးပြုနေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ တကောရေထိန်းတံခါးအပါအဝင် ဆည်မြောင်းစီမံကိန်းများစွာကို တည်ဆောက်ပေးထားပြီးဖြစ်ရာ ဒေသခံ တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုးလျက် အထွက်တိုးရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

## အထက(၃)စမ်းချောင်း အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက(၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား န၀မအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်၍ ဆရာ၊ ဆရာမကြီးများအား အတူတကွ ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဦးအေးသိန်း ဖုန်း-၀၉-၅၁၀၈၀၈၇၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁၃၈၂၃၃၊ ဦးကံသာ ဖုန်း-၅၀၁၄၂၅၊ ဦးသန်းထွန်းဦး ဖုန်း-၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း-၀၉ ၅၁၄၉၅၃၃၊ ဦးအောင်မင်းနိုင် ဖုန်း-၀၉ ၉၉၂၅၂၂၈၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉ ၀၈၂ ၁၃၂၆၊ ဦးနန်းအောင်ကြည် ဖုန်း-၀၉ ၅၁၉၇၇၃၉၊ ဦးမျိုးသန့် ဖုန်း-၀၉ ၈၀၂ ၃၅၃၅၊ ဦးခင်မောင်ဝင်း ဖုန်း-၅၁၀၆၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၄ လမ်းနေ ဦးလီကျော်ဝီ-ဒေါ်ဘောဘီခိုင်၊ သား ဂျက်ကီ၊ သမီး မအိခိုင်ပွင့်ဖြူ(မကာအို) မိသားစုက အဘိဓမ္မာပိဋကဝင် ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် နောက်ဆုံးကြေးပြား ငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

# မန္တလေးတိုင်းအတွင်း သစ်အခြေခံစက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ အမှတ်(၂-က) ပုံဖော်စက်ရုံသို့ သွားရောက်၍ လည်းကောင်း၊** SK Wood Industries Ltd **သို့ သွားရောက်၍ လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။** SK Wood Industries Ltd**သည် ပြည်ပရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံထားသော သစ်အခြေခံစက်ရုံဖြစ်ပြီး မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်သည်။**

ထို့နောက် ဝန်ကြီးသည် အမှတ်(၂-ခ) ပုံဖော်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း၏ (၁၀၂) ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ ရှေးဦးစွာ ဘက်စုံထူးချွန် ကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၀၂) မောင်သန်းဇော်မြင့်၊ဘက်စုံ ဒုတိယ ထူးချွန်ကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၂၄) မောင်တေဇာအောင်၊ အားကစားထူးချွန် ကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၁၄)မောင်ဝင်းမင်းထွန်းနှင့် စစ်ရေးပြအကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲ အမှတ်(၁)တပ်ခွဲမှူးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲကို ကျင်းပရာ ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ထူးချွန်ဆုရ ကျောင်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ သစ်လုပ်ငန်းရှင်များအသင်း သင်တန်းကျောင်းကော်မတီ ဥက္ကဋ္ဌ ဦးမိုးသော်က မြန်မာနိုင်ငံ သစ်တောကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်း၍ ကျောင်းအုပ်ကြီးက ကျောင်းဆင်း လက်မှတ်များကို ပေးအပ်သည်။

ထို့နောက်ဝန်ကြီးသည်ကျောက်ဆည်ခရိုင်စဉ့်ကိုင်မြို့နယ်ဘဲလင်းရှိ Jewellery Luck Co.,Ltd သစ်အချောထည်စက်ရုံ ဖွင့်ပွဲသို့ တက်ရောက်၍ သစ်အချောထည် စက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း သွင်းကုန်အစားထိုး ဖော်မီကာ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စက်ရုံအပြင် သစ်ပါးလွှာစက်ရုံနှင့် သစ်အထပ်သားစက်ရုံများကိုလည်း ယခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူ ၂၀၀၀ ကျော် အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ဆုချီးမြှင့်**

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း၏ (၁၀၂)ကြိမ်မြောက် ကျောင်းဆင်းပွဲ၌ ဘက်စုံထူးချွန် ကျောင်းသားဆုရ မောင်သန်းဇော်မြင့်အား ဆုချီးမြှင့်စဉ်။** (သစ်တော)

# ကလေးအားဆေးရည်အသစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ ကလေးအထူးကု ဆရာဝန်များအသင်းနှင့် Dr. Reddy's Lab ကုမ္ပဏီတို့ပူးပေါင်း၍ Significance of Micronutrients in Nutrition ခေါင်းစဉ်ဖြင့် Seminar နှင့် Dr. REDDY's Labကုမ္ပဏီမှBecozinc Syrup ကလေးအားဆေးရည်အသစ် မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် Hotel Nikko ၌ ကျင်းပရာ ပါမောက္ခ အက်စ်ကျော်လှက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပါမောက္ခ ဒေါက်တာကြူကြူခင်က Micronutrients For Growth and Development ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တွဲဖက်ပါမောက္ခ ဦးဝင်းမြတ်အေးက HIV and Nutrition ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ကလေးအထူးကု ဆရာဝန်ပေါင်း နှစ်ရာကျော် တက်ရောက်ခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

Dr. REDDY's Lab Ltd. မှ Country Manager Mr.S Kumar က ကုမ္ပဏီနှင့် ပတ်သက်သည့်ကလေးများနှင့် Becozinc Syrup ကလေးအားတိုးဆေးရည်အကြောင်း မိတ်ဆက်ပြောကြားကာ တက်ရောက်လာသူများက Becozincကံစမ်းမဲ လက်ဆောင်များ ပေးအပ်သည်။Dr. REDDY's Lab Ltd. မှာ သက်တမ်းနှစ်ရာကျော်ရှိသည့်အအောင်မြင်ဆုံး အိန္ဒိယဆေးဝါးကုမ္ပဏီများ တွင်ပါဝင်ပြီး နိုင်ငံပေါင်းတစ်ရာကျော်သို့ အဆင့်မြင့်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သိရသည်။

Becozinc အားဆေးရည်မှာ နိုင်ငံတကာစံနှုန်းနှင့်အညီ အဆင့်မြင့်မားစွာ ထုတ်လုပ်ထားသော B. complex, Vitamin-C နှင့် Zinc တို့ပါဝင်ပြီး ကလေးများအတွက် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးကာ ရောဂါဝင်ရောက်နိုင်မှုကို ကာကွယ်ပေးကြောင်း၊ Zinc ပြည့်ဝစွာပါဝင်သည့်အတွက် ကိုယ်အလေးချိန်မပြည့်မီသော ကလေးများ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်နေသော ကလေးများအတွက်လည်း အထူးသင့်တော်သော အားဆေးဖြစ်ကြောင်း သိရှိရသည်။

Dr.REDDY's Lab Ltd. **မှ** Country Manager Mr.S Kumar **က ကုမ္ပဏီနှင့် ပတ်သက်သည်များနှင့်** Becozinc Syrup **ကလေးအားတိုးဆေးရည်အကြောင်း မိတ်ဆက် ပြောကြားစဉ်။** (သတင်းစဉ်)

Becozinc အားဆေးကို Hero International Interpriseဖုန်း-၀၁-၂၉၃၃၆၇၊၇၀၆၈၇၇တို့မှမြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချပေး လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဂန္ဓမာလမ်းနေ ဦးမျိုးမြင့်အောင်-ဒေါ်သန်းမြင့် မိသားစုတို့က ဦးမျိုးမြင့်အောင်မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းအား ယင်းဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တောင်ဒဂုံလယ်တီတရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၈၈၈)ပန်းချီ၊ ပန်းပု(၅၈)ရပ်ကွက်၌ ကျင်းပမည့် လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း (ဒလပျော်ဘွယ်ကြီး)ကြီးမှူးပြသသော သင်္ကြန်အထူးတရားစခန်းကို ဧပြီ ၁၂ရက်ညနေမှ ဧပြီ ၂၁ရက် နံနက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ လူဦးရေကန့်သတ်ထားသဖြင့် တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၀၉-၅၁၁၆၉၀၁သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

## ကောင်းမှုပြုက ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏

**ကောင်းမှုပြုသောသူသည် ဤဘဝတွင်လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်ကံများကို အဖန်တလဲလဲ တွေးမြင်ထင်ဟပ်၍ ထာဝရဝမ်းမြောက်ဝမ်းသာချမ်းသာသုခ ရပေမည်။**

**(ဓမ္မပဒ ၁၆)**

# အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး

## သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**အင်းလေးကန်မိုင် ၂၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်တော၊ရေ၊မြေ၊သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးစီမံကိန်း၊ ပြည်နယ်နှင့် မြို့နယ်စီမံကိန်းလုပ်ငန်းကြီးကြပ်မှု ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို ဖေဖော်ဝါရီ ၁၉ရက် မွန်းတည့် ၁၂နာရီတွင် ညောင်ရွှေမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ စီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

ထို့နောက် ပြည်နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက အဆိုပါစီမံကိန်းနှင့် အင်းလေးကန်မတိမ်ကောရေး ဆောင်ရွက်ရမည့် စီမံချက်ပါလုပ်ငန်းစဉ်(၇)ရပ်ဖြစ်သော သဘာဝတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်းနှင့် နုန်းပို့ချမှုထိန်းသိမ်းကာကွယ်ခြင်း၊ ရေပြင်ပမာဏနှင့် ရေသန့်စင်မှုထိန်းသိမ်းခြင်း၊ အဆောက်အအုံများ တိုးချဲ့တည်ဆောက်မှုထိန်းသိမ်းခြင်း၊ သားငှက်တိရစ္ဆာန်များကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းရပ်များအပေါ် လှည့်လည်စစ်ဆေးခြင်းနှင့် ဟောပြောစည်းရုံးခြင်းအခြေအနေများနှင့် စီမံကိန်းလုပ်ငန်း စစ်ဆေးကြီးကြပ်ရေးအဖွဲ့ လေးဖွဲ့တို့မှ သတ်မှတ်နယ်မြေမြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအား ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အင်းလေးကန်ပတ်ဝန်းကျင် ၁၁မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ညောင်ရွှေမြို့နယ် ကျေးရွာအုပ်စုဥက္ကဋ္ဌများက စစ်ဆေးကြီးကြပ်ရေးအဖွဲ့များ၏ စစ်ဆေးချက်များအပေါ် လိုက်နာဆောင်ရွက်မှုများ ရှင်းလင်းတင်ပြကြပြီးနောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၂-၂၀၀၈(သောကြာနေ့)**

| AM & PM | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်"တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်) |
| ၇း၅၅-၁း၅၅ | အံ့ဖွယ်ထူးခြားမာရ်အောင်မြင်ပြည်တော်ပြန်ဘုရား |
| ၈း၁၅-၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀-၂း၂၀ | Myanmar Video Rhythm |
| ၈း၄၅-၂း၄၅ | ဒေါက်တာချစ်ငယ်(ဒဿန)Ph.D ၏ နိဗ္ဗာန်ဆီသို့အထူးတရားပွဲ(၂)(နေပြည်တော် ပျဉ်းမနား) |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၉း၃၅-၃း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀-၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅-၃း၄၅ | Activities In The City |
| ၁၀း၀၀-၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅-၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀-၄း၁၀ | Art Vision (Summit Art 2008 Exhibition ပန်းချီပြပွဲ) |
| ၁၀း၂၅-၄း၂၅ | ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့ |
| ၁၀း၃၅-၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀-၄း၄၀ | ပွဲလယ်တင့်ဆန်း ပိုးထည်ဒီဇိုင်း |
| ၁၀း၅၀-၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀-၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅-၅း၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၃၅-၅း၃၅ | စိတ်ကြည်လင်အေးမြဖို့ အလှမွေးငါးမွေးကြစို့ |
| ၁၁း၅၀-၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅-၅း၅၅ | ဖူးစာဖက်တို့ဆုံစည်းဖို့ရာ(ညနေခင်းပွဲတက်ဝတ်စုံ) |
| ၁၂း၀၅-၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀-၆း၁၀ | လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား |
| ၁၂း၃၀-၆း၃၀ | သာသနာပျိုးခင်း |
| ၁၂း၄၀-၆း၄၀ | VJ Choice |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## ပေးအပ်လှူဒါန်း

**ဖေဖော်ဝါရီ ၂၁ရက်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံပညာကျောင်းများနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ သုတစွယ်စုံစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

(မြို့တော်စည်ပင်)

## စပါးကြီးမြွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း ဖြိုးစည်သူ ထရေးဒင်း ကုမ္ပဏီလီမိတက်က စိုက်ပျိုးလုပ်ကိုင်နေသော ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀၀ အတွင်းရှိ အကွက်အမှတ်(၂၂) စိုက်ကွက်မြေနေရာတွင် တောင်ယာခုတ်လုပ်ငန်း လုပ်ကိုင်နေသည့် ယာသမားများအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခန့်တွင် ထိုးကျချောင်းအနီး မီးတားလမ်းပေါ်မှ အလျား ၁၁ ပေ၊ လုံးပတ် တစ်ပေနှစ်လက်မရှိ စပါးကြီး မြွေတစ်ကောင်အား **(ယာပုံ)** တွေ့ရှိသောကြောင့် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်း၏ အကူအညီဖြင့် ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်မှတစ်ဆင့် နေပြည်တော်ရှိ တိရစ္ဆာန် ဥယျာဉ်သို့ လွှဲပြောင်းလှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တူရကီတပ်ဖွဲ့ စစ်ဆင်သည့်ဒေသ အီရတ်အရပ်သားများ နေထိုင်ခြင်းမရှိဟုဆို

**အင်ကာရာ ဖေဖော်ဝါရီ ၂၇**

တူရကီ လက်နက်ကိုင်တပ်ဖွဲ့(တီအက်စ်ကေ)က အီရတ်နိုင်ငံမြောက်ပိုင်း နယ်စပ်ကို ဖြတ်ကျော်၍ မြေပြင်စစ်ဆင်ရေးတစ်ရပ် ပြုလုပ်လျက်ရှိရာ ယင်းဒေသတွင် အရပ်သားများ နေထိုင်ခြင်းမရှိကြောင်း တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အစိုးရပြောရေးဆိုခွင့်ရှိသူ စီမဲလ်ဆစ်ခ်ျက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းဒေသတွင် သူပုန်များ အသုံးပြုသည့် ပစ္စည်းပစ္စယ အဆောက်အအုံနှင့် သူပုန်စခန်းများသာ ရှိကြောင်း တူရကီနိုင်ငံ အင်ကာရာမြို့ရှိ ပါလီမန်အဆောက်အအုံ၌ သတင်းထောက်များအား ၎င်းက ပြောကြားသည်။

ယင်းဒေသရှိ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)သူပုန်တပ်များကို လွန်ခဲ့သည့်ကြာသပတေးနေ့ကတည်းက အီရတ်နိုင်ငံမြောက်ပိုင်းအတွင်းသို့ နယ်စပ်ဖြတ်ကျော်ကာ စစ်ဆင်ရေးများကို တူရကီနိုင်ငံက ပြုလုပ်ခဲ့သည်။ ပီကေကေ သူပုန်များအား ၎င်း ဒေသမှ တိုက်ထုတ်ပြီး အပြည့်အဝ ဖယ်ရှားသုတ်သင်ပြီးသောအခါ စစ်ဆင်ရေးကို အဆုံးသတ်မည် ဖြစ်ကြောင်း ဆစ်ခ်ျက ပြောကြားသည်။

တူရကီစစ်ဘက်က ပြုလုပ်သည့် နောက်ဆုံးတိုက်ခိုက်မှုတွင် ပီကေကေ သူပုန် ၄၁ဦးနှင့် တူရကီတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးကြောင်း တနင်္လာနေ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဒါဖာဒေသကို ဆူဒန်အစိုးရ ဗုံးကြဲတိုက်ခိုက် ကုလသမဂ္ဂက ပြောကြား

**ခါတွန် ဖေဖော်ဝါရီ ၂၇**

ဆူဒန်အစိုးရသည် ချဒ်နယ်စပ်အနီး အရပ်သားများ ခိုအောင်းရာနယ်မြေကို အန္တရာယ်မဖြစ်စေပါဟု အာမခံထားသော်လည်း ဒါဖာဒေသတွင် သူပုန်တို့ထိန်းချုပ်ရာနယ်မြေကို ဗုံးကြဲတိုက်ခိုက်ရာ၌ အရပ်သားများနေရာကို တိုက်ခိုက်ကြောင်း သိရသည်ဟု ကုလသမဂ္ဂက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ၏ ကြေညာချက်တစ်ရပ်တွင် ဒါဖာအနောက်ပိုင်း ဂျာဘဲမောင်း ဒေသကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ဗုံးကြဲကြောင်း ကုလသမဂ္ဂအာဖရိက ပူးတွဲငြိမ်းချမ်းရေးတပ်ဖွဲ့များက သတင်းရကြောင်း ဖော်ပြသည်။

ဆူဒန်တပ်ဖွဲ့များသည် သူပုန်တို့လက်မှ ဒါဖာအနောက်ပိုင်းကို ပြန်လည်သိမ်းယူရန် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ထိုးစစ်ဆင်နွှဲသည်။ ဒေသခံများက ပြည်သူ ၁၁၄ယောက် အနည်းဆုံး သေဆုံးကြောင်းပြောသည်။ အစိုးရတပ်ကမူ ၎င်းတို့အများစုသည် အရပ်သားအသွင်ဆောင်ထားသော သူပုန်များသာ ဖြစ်သည်ဟုဆိုသည်။

တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် ထောင်ပေါင်းများစွာသော ပြည်သူတို့ ထွက်ပြေးကြသည်။ အချို့သည် နယ်စပ်ကိုဖြတ်ကျော်၍ အိမ်နီးချင်းချဒ်နိုင်ငံအတွင်းသို့ တိမ်းရှောင်ကြပြီး အချို့သည်ဂျာဘဲမောင်းဒေသအနီးရှိဒုက္ခသည်စခန်း၌ ခိုလှုံကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံမြောက်ပိုင်း၌ (ပီကေကေ) ကာ့ဒ် သူပုန်များအား စစ်ဆင်လျက်ရှိသော တူရကီတပ်များအတွက် အထောက်အကူပေးလျက်ရှိသည့် ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သည့်ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယနိုင်ငံသည် ရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်ရသော ဒုံးကျည်ကို ဖေဖော်ဝါရီ ၂၆ ရက်က အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း၊ ၎င်းဒုံးကျည်သည် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

**ပစ်ခတ်**

၎င်းစမ်းသပ်မှုကို ဘင်္ဂလားပင်လယ်အော်အတွင်း ပြုလုပ်ခြင်းဖြစ်သည်။ ယင်းကေ-၁၅ ဒုံးကျည်သည် ကီလိုမီတာ ၇၀၀ (မိုင် ၄၅၀) အကွာအဝေးရှိ ပစ်မှတ်ကို ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

**နီးကပ်လာ**

အိန္ဒိယနိုင်ငံသည် ယင်း၏ ဒုံးလက်နက်များကို မြေပြင်နှင့်ဝေဟင်မှ ပစ်နိုင်စွမ်းရှိသည့်အဆင့်မှ ယခုအခါ ပင်လယ်ပြင်အောက်မှ ပစ်လွှတ်ရန် အဆင့်တစ်ခုသို့ နီးကပ်လာပြီ ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ နျူကလီးယားလက်နက်အရာတွင် ရှေ့မှပြေးနေသော နိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှား၊ ပြင်သစ်နှင့် တရုတ်နိုင်ငံကဲ့သို့သောနိုင်ငံများကို အမီလိုက်နိုင်ရန် အိန္ဒိယ၏ ကြိုးပမ်းမှုသည် ရှေ့တစ်လှမ်း တိုးလာပြီဟု ဆိုသည်။

**တည်ဆောက်**

အိန္ဒိယနိုင်ငံသည် ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သော ကေ-၁၅ အမျိုးအစား ပုံထိန်းစနစ်ဖြင့် ပစ်ခတ်နိုင်စွမ်းရှိသည့် ဒုံးကျည်များကို တိုးတက်အောင် ပြုပြင်လျက်ရှိသည်။ ထို့အပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍လည်း တာဝေးပစ်ခတ်နိုင်သည့်ဘရန့်ချ်မို့စ်အမျိုးအစား အသံထက်မြန်သော နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် ဒုံးကျည်ကို တည်ဆောက်လျက်ရှိသည်။

***အမ်အင်အေ၊ ရိုက်တာ။***

**အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ထိမှန်ပျက်စီးသွားသော ဂါဇာဒေသရှိ ပါလက်စတိုင်း ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရန်အပေါ် ကုလသမဂ္ဂက အရေးယူကန့်သတ်မှု ပြုလုပ်လျှင် ရေနံဈေးကောင်းနေ၍ စီးပွားရေး ထိခိုက်မှုမရှိနိုင်

**တီဟီရန် ဖေဖော်ဝါရီ ၂၇**

ရေနံဈေးနှုန်းများ မြင့်တက်ခဲ့မှုက အီရန်နိုင်ငံ၏နျူကလီးယား အစီအစဉ်အပေါ် ကုလသမဂ္ဂအရေးယူ ကန့်သတ်မှုအသစ်များ ချမှတ်ခဲ့မှုကို ကျော်လွှားနိုင်ရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း အီရန် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒါဗောက်ဒန်နက်ဂျာဖာရီက ပြောကြားသည်။

ကုလသမဂ္ဂက အီရန်အပေါ် တတိယအကြိမ်အဖြစ် အရေးယူမှု ပြုလုပ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၌ ယခုရက်သတ္တပတ်တွင် မဲပေးဆုံးဖြတ်ကြမည်ဟု ဗြိတိန်နှင့် ပြင်သစ်တို့က ပြောကြားသည်။

ကုလသမဂ္ဂက ပြုလုပ်မည့် အရေးယူကန့်သတ်မှုအသစ်များက ရေနံဈေးနှုန်းကြီးမြင့်မှုကြောင့် အီရန်၏ စီးပွားရေးကို ထိခိုက်စေမည် မဟုတ်ကြောင်း ဂျာဖာရီက ပြောကြားသည်။

အီရန်က နျူကလီးယားနည်းပညာ ရရှိစေရန် ကြိုးပမ်းနေရာ အောင်မြင်ပါက နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လောင်စာ ရရှိစေနိုင်မည်ဖြစ်ကာ ရေနံအသုံးသက်သာစေပြီး ဓာတ်ငွေ့များကို ပြည်ပသို့ တင်ပို့ ရောင်းချနိုင်မည်ဟု အီရန်အစိုးရက အခိုင်အမာပြောကြားခဲ့သည်။ သို့ရာတွင် ယင်း၏ ငြိမ်းချမ်းစွာ အသုံးပြုမည့် ရည်ရွယ်ချက်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံများ ယုံကြည်လာစေရန် မလုပ်ဆောင်နိုင်ခဲ့ဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အီဂျစ်တွင် ကားတစ်စီး ရေမြောင်းအတွင်းထိုးကျ၊ ၁၃ ဦး သေဆုံး

**ကိုင်ရို ဖေဖော်ဝါရီ ၂၇**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် မိုက်ကရိုဘတ်စ်ယာဉ်တစ်စီး ဖေဖော်ဝါရီ ၂၅ရက်က ရေမြောင်းအတွင်း ထိုးကျသွားသဖြင့် စီးနင်းလိုက်ပါသူ ၁၃ဦးထက်မနည်း သေဆုံးကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။ မော်တော်ယာဉ် မတော်တဆဖြစ်ရသည့်အကြောင်းရင်းကို မသိရသေးဟု သတင်းရပ်ကွက်က ပြောကြားသည်။

မော်တော်ယာဉ် မဆင်မခြင်မောင်းမှု၊ ယာဉ်စည်းကမ်း လျော့ရဲမှုနှင့် လမ်းမကောင်းမှုတို့ကြောင့် အီဂျစ်နိုင်ငံတွင် မော်တော်ယာဉ် မတော်တဆဖြစ်မှုများမကြာခဏ ပေါ်ပေါက်လျက်ရှိသည်။ မကြာမီနှစ်များအတွင်းက ဖြစ်ပွားသည့် ရထားမတော်တဆဖြစ်မှု၊ မော်တော်ယာဉ် မတော်တဆဖြစ်မှုများနှင့်ပတ်သက်၍ အီဂျစ်အစိုးရက ကိုင်တွယ်ဖြေရှင်းမှုမရှိသဖြင့် ပြည်သူလူထုက မကျေမနပ်ဖြစ်နေကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ခရီးသည် ၂၁ဦးအား အီရတ်၌ ပြန်ပေးဆွဲ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇**

အီရတ်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော ဒီယာလာပြည်နယ်တွင် သေနတ်သမားများက စစ်ဆေးရေးဂိတ်အတု ပြုလုပ်ပြီး မီနီဘတ်စ်နှစ်စီးအတွင်းရှိ ခရီးသည် ၂၁ဦးအား ဖေဖော်ဝါရီ ၂၆ ရက်က ပြန်ပေးဆွဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ခန့်အကွာရှိ အဒမ်ဒေသလမ်းမကြီးပေါ်တွင် လက်နက်ကိုင်များက စစ်ဆေးရေးဂိတ်တစ်ခု ပြုလုပ်ပြီး ဒေသစံတော်ချိန် နံနက် ၁၀နာရီခန့်တွင် အမျိုးသမီးသုံးဦး အပါအဝင် လူ ၁၄ဦး တင်ဆောင်လာသည့် မီနီဘတ်စ်တစ်စီးကို ရပ်တန့်စေခဲ့ကြောင်း ၎င်းဌာနက ဆင်ဟွာသို့ ပြောကြားသည်။

ထိုသေနတ်သမားများသည် အမျိုးသမီးများကို ပြန်လွှတ်ပေးပြီး အမျိုးသား ၁၁ ဦးကို ပြန်ပေးဆွဲကာ ၎င်းတို့သည် နောက်ထပ် မီနီဘတ်စ်တစ်စီးကို ရပ်တန့်ပြီး အမျိုးသား ၁၀ဦးကို ထပ်မံပြန်ပေးဆွဲခဲ့ကြောင်း ၎င်းဌာနက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## စူးအက်တူးမြောင်းမှ နေ့စဉ်ဝင်ငွေ ဒေါ်လာ ၂၁ သန်းအထိရရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၂၇**

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း၏ နေ့စဉ်ဝင်ငွေသည် တနင်္လာနေ့တွင် အမေရိကန်ဒေါ်လာ ၂၁သန်းအထိ စံချိန်တင်ရရှိခဲ့ကြောင်း စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့၏ စာရင်းဇယားများအရ သိရှိရသည်။ နိုင်ငံတကာ ရေကြောင်းပိုင်နက်သို့ ရပ်နားခဲ့သည့် သင်္ဘောစုစုပေါင်းအရေအတွက်သည် တနင်္လာနေ့တွင် ၇၄ စီးအထိရှိခဲ့ပြီး သယ်ယူခဲ့သည့် ကုန်စည်ပမာဏသည် စူးအက်တူးမြောင်း ၁၈၆၉ခုနှစ်က ဖွင့်ပြီးသည့်နောက်ပိုင်း တန်ချိန် ၃ ဒသမ ၈၆ ဘီလီယံအထိ ရှိခဲ့သည်ဟုအီဂျစ်သတင်းဌာနမှ စာရင်းဇယားများကို ကိုးကား၍ ဖော်ပြသည်။

စူးအက်တူးမြောင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ်ဘဏ္ဍာနှစ်ဝင်ငွေသည် ဒေါ်လာ ၄ ဒသမ ၁၇ဘီလီယံဖြစ်ပြီး နှစ်အလိုက် ၁၇ ရာခိုင်နှုန်း မြင့်မားလာခြင်းဖြစ်သည်။ စူးအက်တူးမြောင်းနှင့် ခရီးသွားဌာနမှရငွေ၊ ပြည်ပရောက် အီဂျစ်နိုင်ငံသူ၊ နိုင်ငံသားများ တင်ပို့သည့်ငွေနှင့် ရေနံတင်ပို့မှုမှ ရရှိသည့်ဝင်ငွေများသည် အီဂျစ်နိုင်ငံက အဓိကရရှိနေသည့် ဝင်ငွေများဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသော တိုက်ကွမ်ဒို ယှဉ်ပြိုင်ပွဲတွင် ဂျပန်နှင့် ဒိုမီနီကန် အားကစားသမားတို့ ပါဝင်ယှဉ်ပြိုင်နေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်မှကန်တပ်ဖွဲ့များရုပ်သိမ်းရေးကိစ္စ သမ္မတလောင်းယှဉ်ပြိုင်သူ အိုဘားမားနှင့်မက်ကိန်းအငြင်းပွား

**တိုင်လာ(တက္ကဆတ်) ဖေဖော်ဝါရီ ၂၈**

အီရတ်မှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းလျှင် ထိုနိုင်ငံသည် အကြမ်းဖက်အဖွဲ့ အယ်လ်ခိုင်ဒါများ၏ သားကောင်အဖြစ် ကျရောက်သွားနိုင်ခြင်း ရှိ၊မရှိဟူသော အချက်နှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့က အကြိုအခြေခံသမ္မတလောင်းယှဉ်ပြိုင်သူ ဂျွန်မက်ကိန်းနှင့် ဘာရက်အိုဘားမားတို့ အငြင်းပွားကာ အချေအတင်ဖြစ်ခဲ့ရသည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ ဟီလာရီကလင်တန်သည် အိုဘားမားကို ဆက်တိုက်ရှုံးနိမ့်လျက်ရှိရာ လာမည့်အင်္ဂါနေ့တွင် တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ်တို့တွင် ကျင်းပမည့် ရွေးချယ်ပွဲ၌ အကြီးအကျယ်အနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန် လူ့အခွင့်အရေးခေါင်းဆောင် ဂျွန်လူးဝစ်သည် မကြာသေးမီက အိုဘားမားကို ကူးပြောင်းထောက်ခံလိုက်သည့်အတွက် ကလင်တန်မှာ တအားလျော့ကာ အထိနာသွားရပြန်သည်။

ဂျော်ဂျီယာပြည်နယ် ဒီမိုကရက်တစ်ကိုယ်စားလှယ် ဂျွန်လူးဝစ်က ၎င်းဘက်ပြောင်း ထောက်ခံသည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အမေရိကန် ပြည်သူများက အပြောင်းအလဲကို လိုလားနေကြရာ ယင်းကို အိုဘားမားက ပြုလုပ်ပေးနိုင်မည်ဟု အများက ယူဆနေကြကြောင်း လူးဝစ်က ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*

ဂါဇာဒေသမှ ဟားမတ်စ်တို့၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသွားသူ အစ္စရေးပြည်သူတစ်ဦးအား ပြုစုနေသည်ကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဂါဇာနယ်စပ်တွင် အစ္စရေးနှင့်ဟားမတ်စ်တို့ အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွား

**ဂါဇာ ဖေဖော်ဝါရီ ၂၈**

ဟားမတ်စ်တို့ကြီးစိုးထားသည့် ဂါဇာဒေသမှ ဖေဖော်ဝါရီ ၂၇ရက်က ပစ်ခတ်လိုက်သော ဒုံးကျည် ထိမှန်ခံရသည့်အတွက် အစ္စရေးတစ်ဦး သေဆုံးသွားသည်။

၎င်းသေဆုံးမှုသည် ဟားမတ်စ်တို့ပစ်ခတ်မှုကြောင့် ကိုးလအတွင်းပထမဆုံး သေဆုံးမှုပင်ဖြစ်သည်။ မကြာသေးမီအချိန်အတွင်းက အစ္စရေးတို့ကလေကြောင်းမှ တိုက်ခိုက်သည့်အတွက် ပါလက်စတိုင်းစစ်သွေးကြွခေါင်းဆောင်ဦးနှင့် အရပ်သားငါးဦးတို့ သေဆုံးခဲ့ရသည်။

အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှုကိုတုံ့ပြန်သောအားဖြင့် ဒုံးကျည်ဖြင့် ပြန်လည်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဟားမတ်စ်တို့က ပြောကြားသည်။

ထိုအခြေအနေကြောင့် အစ္စရေးတို့အနေဖြင့် ဂါဇာဒေသတွင် စစ်ရေးအရပိုမိုတင်းကျပ်စွာ အရေးယူသွားရန် ဝန်ကြီးချုပ် အိုလ်မတ်အား ဖိအားပေးနေသကဲ့သို့ရှိသည်။

အရှိန်ပြင်းထန်လာသော ဟားမတ်စ်နှင့်အစ္စရေးတို့၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြားတည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်မှာ အခက်အခဲဖြစ်လျက်ရှိသည်။ *အမ်အင်အေ၊ရိုက်တာ။*

# ဝန်ကြီးချုပ်ဟောင်းသက်ဆင် ထိုင်းနိုင်ငံသို့ ပြန်ရောက်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၈**

ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်သည် ဖေဖော်ဝါရီ ၂၈ရက်က ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းအနေဖြင့် နိုင်ငံရေးမှ ကင်းကင်းနေမည်ဖြစ်ကြောင်း ပြောကြားထားသော်လည်းလေ့လာသူများက သက်ဆင်သည် အာဏာရအဖွဲ့ကို နောက်ကွယ်မှ ကြိုးကိုင်နေဖွယ်ရှိသည်ဟု ရှုမြင်ထားသည်။

ဆက်သွယ်ရေးလုပ်ငန်း ဘီလီယံနာသူဌေး သက်ဆင်ပြန်လာသည့်အတွက် ၎င်းအားလိုလားသူ ထောင်ပေါင်းများစွာက ဆိုင်းဘုတ်များ၊ အလံများကိုင်၍ လည်းကောင်း၊ ၎င်းနာမည်ကို ကြွေးကြော်၍ လည်းကောင်း လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

သက်ဆင်သည် ဟောင်ကောင်မှ ထိုင်းသို့ မပြန်မီ လေဆိပ်၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် နိုင်ငံရေး ပြန်လုပ်ရန် ရှိပါသလားဟူသော မေးခွန်းနှင့် ပတ်သက်၍ ၎င်းက သာမန်နိုင်ငံသားအဖြစ်သာ နေလိုကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

သက်ဆင်သည် ယခုအခါ အာမခံဖြင့် ပြင်ပတွင် သွားလာလျက်ရှိသည်။

*အမ်အင်အေ၊ရိုက်တာ။*

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်၌ ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူ တစ်ဦးအား ဆေးရုံပေါ်၌ ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်နိုင်ငံ မြောက်ပိုင်း ဘန်စ်လေဒေသတွင် ငလျင်လှုပ်ပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ၂၇ရက်တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

## နိုင်ငံတကာရေးရာ သတင်းများ

# ပြင်သစ်နှင့်ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများ စစ်ရေးပူးပေါင်းလေ့ကျင့်

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၆**

အီရန်နိုင်ငံနှင့် အနောက်အုပ်စုအကြား တင်းမာမှုမြင့်မားနေချိန်၌ပြင်သစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် ကာတာနိုင်ငံတို့မှ တပ်ဖွဲ့များက ဖေဖော်ဝါရီ ၂၅ရက်တွင် ပထမဆုံးပူးပေါင်းစစ်ရေးလေ့ကျင့်မှုများကို ပင်လယ်ကွေ့အတွင်း စတင်ပြုလုပ်ခဲ့သည်။

၎င်းစစ်ရေးလေ့ကျင့်မှုတွင် ပြင်သစ်တပ်ဖွဲ့ဝင်၁၅၀၀၊ ယူအေအီးတပ်ဖွဲ့ဝင် ၂၅၀၀နှင့် ကာတာတပ်ဖွဲ့ဝင် ၁၃၀၀ ပါဝင်ပြီး ကြည်း၊ရေ၊လေစစ်ဆင်ရေးများကို မတ်၅ရက်အထိ ပြုလုပ်မည်ဖြစ်သည်။ စစ်သင်္ဘော ဒါဇင်ဝက် ခန့်၊ ရဟတ်ယာဉ် ၄၀နှင့် တင့်ကားဒါဇင်များစွာ ပါဝင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် အီရန်နိုင်ငံအဏုမြူ ထုတ်လုပ်မှုအပေါ် ဖိအားပေးရန် ကြိုးပမ်းသည့် ကမ္ဘာ့နိုင်ငံကြီးများအနက် တစ်နိုင်ငံဖြစ်ပြီး ၎င်းတို့သည် အဏုမြူဗုံးများ ပြုလုပ်မည်ကို စိုးရိမ်လျက်ရှိသည်။ အီရန်နိုင်ငံကမူ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်ဖြစ်သည်ဟု ပြောကြားထားသည်။

ပင်လယ်ကွေ့ဒေသအတွင်း ဇန်နဝါရီလက ပြင်သစ်နိုင်ငံ၏ ပထမဆုံးစစ်စခန်း တည်ဆောက်ရန် ယူအေအီးနှင့် ပြင်သစ်နိုင်ငံတို့ သဘောတူညီခဲ့ကြသည်။ ပင်လယ်ကွေ့တွင် စစ်စခန်းတည်ရှိခြင်းသည် ဒေသဆိုင်ရာ ငြိမ်းချမ်းရေးအတွက် အန္တရာယ်ဖြစ်စေကြောင်း အီရန်က ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

# ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ၉ ဒသမ ၂ဘီလီယံအထိ ရှိလာမည် မြို့ပြဖွံ့ဖြိုးမှု မြင့်မားလာ၍ ကျေးလက်ဒေသ၌ လူနေနည်းလာ

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၈**

ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် မြို့ကြီးများတွင် နေထိုင်ကြမည်ဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာအရသိရသည်။

အစီရင်ခံစာအရ ၂၀၅၀ပြည့်နှစ်တွင် မြို့နေလူဦးရေသည် ၆ဒသမ၄ဘီလီယံရှိမည်ဖြစ်ပြီး ယခုရှိသည့် လူဦးရေ ၃ဒသမ၃ဘီလီယံထက် ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ လူဦးရေစုစုပေါင်းသည် လက်ရှိ၆ဒသမ၇ဘီလီယံမှ ၂၀၅၀ ပြည့်နှစ်တွင် ၉ဒသမ၂ဘီလီယံ အထိ ရှိလာမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အဖွံ့ဖြိုးဆုံးသော ဒေသများဖြစ်သည့် ဥရောပ၊ မြောက်အမေရိက၊ အိုးရှင်းနီးယားဒေသတို့တွင် ကျေးလက်ဒေသထက်မြို့ကြီးများတွင်နေသည့် လူဦးရေသည် ပိုမိုများပြားလာမည်ဖြစ်သည်။

မြို့ပြဖွံ့ဖြိုးရေးအစီအစဉ်များ မြင့်မားလာမှုနှင့် အတူ ကျေးလက်ဒေသရှိလူဦးရေသည် ဆယ်စုနှစ်တစ်ဝိုက်တွင် စတင်လျော့နည်းလျက်ရှိပြီး ၂၀၀၇ခုနှစ်တွင် လူဦးရေ ၃ဒသမ၄ဘီလီယံမှ ၂၀၅၀ပြည့်နှစ်အတွင်း လူဦးရေ ၂ဒသမ၈ ဘီလီယံအထိ လျော့ကျသွားနိုင်သည်ဟုဆိုသည်။

မြို့ပြဖွံ့ဖြိုးရေးအစီအစဉ်များသည်အစိုးရအဖွဲ့များအတွက် စိန်ခေါ်မှုများအဖြစ် ရောက်ရှိနေလင့်ကစား ယင်းအစီအစဉ်သည် စီးပွားရေးဖွံ့ဖြိုးသည့်လက္ခဏာတစ်ရပ်အဖြစ် ရောက်ရှိနေသည်ဟု ကုလသမဂ္ဂလူဦးရေဌာနမှ အကြီးအကဲ ဖြစ်သူ ဟင်နီယာဇလိုနစ်က ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*

# နှင်းမုန်တိုင်းခံဒေသများ စားဝတ်နေရေး၊ တည်ဆောက်ရေး အလေးထား ဆောင်ရွက်မည်

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံ၌နှင်းမုန်တိုင်းဒဏ်ခံရသော တောင်ပိုင်းပြည်နယ်များ၏အခြေအနေသည် ယခုအခါပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း မြို့ပြရေးရာဝန်ကြီးဌာနက ပြောကြားသည်။

**ကယ်ဆယ်ရေးလုပ်ငန်းများ**

သို့သော် နှင်းဒဏ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးရသော ပမာဏမှာမူ များပြားသည်ဟုဆိုသည်။ နှင်းဒဏ်ခံ ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပြည်သူများ၏ စားဝတ်နေမှုဖူလုံရေးနှင့် တည်ဆောက် ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်ဟု ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဝန်ဇန်ယိုက ပြောကြားသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီလမတိုင်မီ စတင်မည်ဖြစ်ပြီး ဇွန်လတွင် အပြီးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း မြို့ပြရေးရာဝန်ကြီးက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

## (၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## တက်မကိုင်နှင့် သင်္ဘောသားများ မွမ်းမံသင်တန်းဖွင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန တက်မကိုင်နှင့် သင်္ဘောသားများ မွမ်းမံသင်တန်း ၁/ ၂၀၀၈ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံသင်္ဘောကျင်း ဧရာခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတိုးတက်ရေးအတွက် ဝန်ဆောင်မှုကောင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ဝင်ငွေလျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ရေယာဉ်နှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးနှင့် တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းကျွမ်းကျင်မှုဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အလုံသင်္ဘောကျင်းအတွင်း၌ စက်မဲ့ကုန်တင်တွဲရေယာဉ်နှစ်စီးနှင့် တွန်းရေယာဉ်သုံးစီး အသစ် တည်ဆောက်နေမှုလုပ်ငန်းများနှင့် ခရီးသည်တင် ရေယာဉ်များ အဆင့်မြှင့် ပြင်ဆင်တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် Myanmar Northern Star Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးမြင့်အောင်တို့က ရေယာဉ် တည်ဆောက်ပြင်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် အထူးဂရုပြုဆောင်ရွက်ကြရေးနှင့် အသုံးစရိတ်များခြိုးခြံချွေတာရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)



**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းတွင် အသစ်တည်ဆောက်လျက်ရှိသော စက်မဲ့ကုန်တွဲရေယာဉ်သစ်အား ကြည့်ရှုစစ်ဆေးစဉ်။** (ပို့ဆောင်ရေး)

### ❐ ရှေ့ဖုံးမှ

သတင်းစာဖိုး တစ်နှစ်စာလှူဒါန်းပွဲ၊ ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲနှင့် စာကြည့်တိုက်များသို့ ဒုတိယအကြိမ် ရုပ်မြင်သံကြားပြစက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတို့သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ သတင်းစာဖိုး တစ်နှစ်စာ လှူဒါန်းမှု၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အဆင့်(၁)မှ (၁၀)အတွင်းရရှိပြီး ဆေးတက္ကသိုလ်နှင့်ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်တို့သို့ တက်ရောက်နေသော ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ပညာသင် ဆုချီးမြှင့်မှုနှင့် ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်များ ပေးအပ်လှူဒါန်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၃၅ ရွာသို့ သတင်းစာဖိုး တစ်နှစ်စာ ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အဆင့်(၁)မှ(၁၀) ရရှိခဲ့ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့အား တစ်နှစ်အတွက် ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်သို့ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူနှစ်ဦးအား တစ်နှစ်စာ ငွေကျပ်လေးသိန်းကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ စံပြစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်များကိုလည်းကောင်း၊ လားရှိုးခရိုင်အတွင်းရှိ စာကြည့်တိုက် ၂၀ တို့အတွက် ရုပ်မြင်သံကြားစက်အလုံး ၂၀ ကိုလည်းကောင်း၊ မူဆယ်ခရိုင်အတွင်းရှိ စာကြည့်တိုက် ၁၉ တိုက်တို့အတွက် ရုပ်မြင်သံကြားပြစက် ၁၉လုံးကိုလည်းကောင်း၊ ကျောက်မဲခရိုင်အတွင်းရှိ စာကြည့်တိုက် ၁၃ တိုက်တို့အတွက် ရုပ်မြင်သံကြားပြစက် ၁၃ လုံးကိုလည်းကောင်း၊ ကွမ်းလုံခရိုင်အတွင်းရှိ စာကြည့်တိုက်ရှစ်တိုက်တို့အတွက် ရုပ်မြင်သံကြားစက် ရှစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများကိုယ်စား ကျောင်းသူ မဆွေသက်နှင်း၏ အုပ်ထိန်းသူ ဦးတင်ရွှေကလည်းကောင်း၊ ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ သတင်းစာဖိုး တစ်နှစ်စာနှင့် စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်များ ပေးအပ်လှူဒါန်းမှုတို့အတွက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စန်းကလည်းကောင်း ကျေးဇူးတင်စကားပြောကြားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အောင်စေတနာမြို့ကွက်သစ်နှင့် အောင်သစ္စာမြို့ကွက်သစ်များသို့ ရောက်ရှိကြ၍ မြေနေရာချထားမှုများ ကြည့်ရှုစစ်ဆေးကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အောင်စေတနာမြို့ကွက်သစ်နှင့် အောင်သစ္စာမြို့ကွက်သစ်များတွင် ပေ ၆၀ ပတ်လည်ရှိ မြေကွက်များကို ဖော်ထုတ်ပြီး ဆောက်လုပ်ရမည့် အိမ်ပုံစံ ၁၀ လုံးကို တိုင်းအစီအစဉ်ဖြင့် ဆောက်လုပ်ပြသ၍ သက်ပြည့်အငြိမ်းစားယူပြီး အရာရှိ၊ အရာခံ၊ စစ်မှုထမ်းများနှင့် သက်ပြည့်အငြိမ်းစားယူသည့် အရပ်ဘက်ဆိုင်ရာ အရာထမ်း၊ အမှုထမ်းများတို့အား နေရာချထားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ နေရာချထားမှု၊ ရေပိုက်လိုင်းများ သွယ်တန်းထားရှိမှုနှင့် မြို့ကွက်သစ်များအတွင်း သွားလာမှုလွယ်ကူစေရန်အတွက် လမ်းများ ပြုပြင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။(သတင်းစဉ်)

### ❍ ကျောဖုံးမှ

ဖေဖော်ဝါရီ ၂၅ ရက်တွင် ဗန်းမော်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသို့လည်းကောင်း သွားရောက်၍ တယ်လီဖုန်းအိတ်ချိန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဗန်းမော်မြို့နယ် ဟန်ထက်ကျေးရွာ ဆက်သွယ်ရေးစခန်းနှင့် စပါးခွံမီးစက်တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၀၈ ခုနှစ် Epson ထုတ်ကုန်သစ်များ ရှင်းလင်းပြသ သရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

Client Focus Technology Group Co.,Ltd က စီစဉ်ကျင်းပသည့် Epson New Product Launch 2008 နှင့် စပ်လျဉ်းသည့် သရုပ်ပြ ရှင်းလင်းပွဲကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel Ballroom ၌ ကျင်းပရာ IT ကုမ္ပဏီများနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ Client Focus Technology Group Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ Mr. Francis Au Seng Huat က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Client Focus Technology Group Co.,Ltd မှ ဒါရိုက်တာ ဦးအောင်ကျော်မိုးက Epson New Product Launch 2008 နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား လက်တွေ့သရုပ်ပြသပြီး မန်နေဂျင်းဒါရိုက်တာ Mr.Francis Au Seng Huat က ၂၀၀၇ခုနှစ်တွင် Epson Product ရောင်းအားအကောင်းဆုံးဆုရ IT ကုမ္ပဏီများဖြစ်ကြသည့် Technoland, KMD နှင့် City Com တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

Epson Product အသစ်များမှာ Laser Printer Quality အတိုင်း Print Out လုပ်နိုင်သည့်အပြင် Photo Quality အဆင့်မီဓာတ်ပုံများ ထုတ်လုပ်ပေးနိုင်သည့် Printer များဖြစ်ပြီး Scan, Print နှင့် Copy သုံးမျိုး အသုံးပြုနိုင်သော All in one Printer များ၊ Scanner များ၊ Protector များလည်း ဖြစ်သည်။ Espon Product များနှင့် စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် (၁၃၀)ရှိ IT / OA Show Room and Service Center II ဖုန်း-၂၄၉၃၄၄၊ ၂၄၉၃၄၅၊ ၂၄၉၃၆၄၊ ၃၇၄၁၁၀ နှင့် ၃၉၁၄၀၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၂-၂၀၀၈ (သောကြာနေ့)**

**၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use..
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာ၊ရသစာပေ၊ အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
- ၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၀ ၆။ **"လက်တွေ့ပြချင်လို့" (ဖြိုးငွေစိုး၊မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၅:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၅ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ ရှုဖွယ်စုံညီမြန်မာပြည်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၂)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၅)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**၂၀၀၈ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘော်လီဘောအားကစားပြိုင်ကွင်း အမှတ်(၁)၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းကို သုံးပွဲ၊ နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။**

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက စတုတ္ထဆုရ ပညာရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တတိယဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဒုတိယဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း အားလည်းကောင်း တစ်ဦးချင်းဆုများနှင့်အတူ ဂုဏ်ပြုငွေသားဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်က အကောင်းဆုံးစပေးဘောဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းမှ တင်တင်ထွေး၊ အကောင်းဆုံးပင့်ထောင်ဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ နုနုထွေးနှင့် အကောင်းဆုံးရိုက်ခုတ်ဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ လမြားမီးတို့အား ငွေသားဆုများ ချီးမြှင့်သည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်က အကောင်းဆုံးခုခံဆယ်မဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းမှ မြမြသင်းနှင့် အကောင်းဆုံး ဘော်လီဘောအားကစားသမားဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ သွယ်သွယ်ဝင်းတို့အား ငွေသားဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းနေ ဦးအောင်စိုး-ဒေါ်ခင်မြင့်မိသားစုက ငွေကျပ် ၂၀၀၀၀၀လှူဒါန်းရာ နာယကဦးသန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌဦးနိုင်အောင်တို့လက်ခံယူစဉ်။**

(ကြေးမုံ)

# ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့် ဆုရပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေ ပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာနမွှောရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး) က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အငြိမ်းစား အရှေ့တိုင်းပညာကထိက ဦးအောင်မွန်၏ ကန်တော့ကြိုးဖြင့် ၇၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၆၄ ဦးအား ကန်တော့ကြသည်။ အပူဇော်ခံပုဂ္ဂိုလ်များကိုယ်စား အငြိမ်းစား အမြတ်ခွန်မင်းကြီး ဦးဝင်းကြိုင်က ဩဝါဒစကားချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးရ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများ၊ ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်အဆင့် ဆုရပုဂ္ဂိုလ်တို့အား အသင်းနာယကနှင့် ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကွမ်းခြံကုန်းဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲကိုကျင်းပရာ အသင်း ဒု-ဥက္ကဋ္ဌ ဦးအောင်ညွှန့်-ဒေါ်စိန်စိန်မိသားစုက ကွမ်းခြံကုန်း အထက (၁)နှင့် (၂)မှ ထူးချွန်သူများအား ချီးမြှင့်ရန် ငွေကျပ် သိန်း ၅၀ ငွေပဒေသာပင်ကို အသင်းဥက္ကဋ္ဌသို့ လည်းကောင်း၊ ဦးကျော်ခိုင်- ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)မိသားစုက ကွမ်းခြံကုန်းမြို့ သုံးခွကျေးရွာ မီးလင်းရေးအတွက် အလှူငွေကျပ် ၁၇ သိန်း၊ ကွမ်းခြံကုန်းဆေးရုံကြီးသို့ အလှူငွေကျပ် ၁၀ သိန်း၊ ဘိုးဘွားရိပ်သာသို့ အလှူငွေ ကျပ်နှစ်သိန်း၊ ကော့မှူးမြို့ မိုးကုတ်ဓမ္မရိပ်သာသို့ အလှူငွေ ကျပ်နှစ်သိန်း၊ ကော့မှူးမြို့ ဆေးရုံကြီးသို့ အလှူငွေ ကျပ်နှစ်သိန်းစုစုပေါင်းအလှူငွေကျပ် ၃၃သိန်းတို့ကိုလည်းကောင်း သက်ဆိုင်ရာများသို့ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုပြီး ဦးကျော်ခိုင်(မြန်မာ့အလှ) ခေါင်းဆောင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးကောက်တင် မြှောက်ကြသည်။ (က-ပ)

**မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပသော (၁၂) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်ညနေပိုင်းက အမှတ်(၆၈) စကားဝါလမ်းရှိ အသင်းတိုက်ရှေ့၌ ကျင်းပရာ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းအတိုင်ပင်ခံနာယက ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း)နှင့် သံအမတ်ကြီးဦးသက်ထွန်း(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မြန်မာ့ရိုးရာထမနဲပွဲကို ကျင်းပစဉ်။** (က-ပ)

# ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပုသိမ်အသင်း(ရန်ကုန်)၏ ၈၇နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ သက်ကြီးဆရာ၊ ဆရာမကြီးများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းအမှတ်(၂၁/၄၃-စီ)ရှိ ဇရာဝတီတိုင်းမွှောရုံ၌ ကျင်းပရာ သက်ကြီး ဘိုး၊ ဘွား ၁၂၂ ဦးကို ကန်တော့ခြင်း၊ သက်ကြီးဆရာ၊ ဆရာမကြီး ၁၆ ဦးကို အာစရိယပူဇော်ခြင်း၊ ပညာရည်ချွန်ဆုရကျောင်းသား၊ကျောင်းသူ ၁၇ဦးကို ဆုချီးမြှင့်ခြင်း**(ယာပုံ)** နှင့်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌအဖြစ် ဦးစိုးဟန်လင်း (သီရိသုဓမ္မဓဇေတရေ၊ အဂ္ဂမဟာသီရိသုဓမ္မဓဇေတရေ) ဦးဆောင်သော အမှုဆောင် ၄၉ ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ပုသိမ်အသင်း(ရန်ကုန်)အတွက် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၂၇၀၀၀၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (က-ပ)

**ရန်ကင်းမြို့နယ်ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ထာဝရ ငွေရတုပဒေသာပင်အတွက် ရတနာလမ်း၊၁၆/၁ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်အေးကျင်၊ ဒေါ်ကြူကြူခင် မောင်နှမမြေးမြစ်တစ်စုတို့ကမိခင်ကြီး ဒေါ်ကြည်အား အမှူးထား၍ အလှူငွေ ကျပ်နှစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် စာရေးဆရာ ဖိုးကျော့တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# သိမ်ဇရပ် အထက အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၁ ရက် သောကြာနေ့ (တပေါင်းလပြည့်နေ့) ညနေတွင် သိမ်ဇရပ်အထက၌ ကျင်းပမည်ဖြစ်ရာ လုပ်သက်သုံးနှစ်နှင့်အထက် ပညာသင်ကြားပေးခဲ့ပြီး အသက် ၆၀ ပြည့်ပြီးသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန်မြို့တွင် ဒေါက်တာဝင်းနောင် ဖုန်း-၀၉-၅၁၅၈၄၄၃၊ ဒေါက်တာ အောင်ထက် ဖုန်း-၀၉-၅၀၀၅၈၉၃၊ ဦးပေါ်ဦး ဖုန်း- ၀၁-၆၆၀၅၈၁၊ ဦးမျိုးကြွယ် ဖုန်း-၀၁-၂၄၆၉၁၀၊ မော်လမြိုင်မြို့တွင် ဒေါ်မြင့် မြင့်သန်း ဖုန်း-၀၃၂-၂၁၂၂၉၊ သိမ်ဇရပ်မြို့တွင် ကျောင်းအုပ်ကြီးအထက သိမ်ဇရပ် ဖုန်း-၁၃၇၊ ဦးစွေ့ထင် ဖုန်း-၅၈/၁၉၅၊ ဒေါ်ချိုချိုမာ ဖုန်း-၃၂၊ ဦးသန်းဦး ဖုန်း-၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးလည်မသုန် ချီတက်ကြကုန်အံ့

**ခိုင်းသီဟ**

ယခု ၂၀၀၈ခုနှစ်သည် မြန်မာနိုင်ငံအတွက် တန်ဖိုးကြီးမားသော ရွေးချယ်မှုအဖြစ် ခေတ်သစ်စနစ်သစ်သို့ အလှည့်အပြောင်း ပြုလုပ်ကြရတော့မည့် အခါသမယဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော ဆုံရပ်မှတ်တိုင်သို့ ရောက်ရှိနေပြီဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အလျင်အမြန် ကူးပြောင်းရောက်ရှိရေးအတွက် လမ်းကြောင်းမှန်ကို ရွေးချယ်ချီတက်ကြရပေတော့မည်။

**နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၉ရက်နေ့ရက်စွဲဖြင့် ကြေညာချက်အမှတ်(၂/၂၀၀၈) ကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။**

**ထို့အတူ ၂၀၀၃ခုနှစ် ဩဂုတ်လ၌ ကမ္ဘာသိ ချမှတ်ကြေညာခဲ့သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို လာမည့် ၂၀၀၈ ခုနှစ် မေလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်း ကြေညာထားပြီးလည်း ဖြစ်သည်။**

**အဆိုပါ ကြေညာချက်များ ပေါ်ထွက်လာသောအခါ ပြည်တွင်းပြည်ပမှ အပြုသဘောဖြင့် ကောင်းကျိုးလိုလားသူများက ဝမ်းသာအားရ ကြိုဆိုလျက်ရှိကြသည်။ ပြည်သူလူထုအနေဖြင့်မူ ဆိုဖွယ်ရာမရှိဟု ပြောရပေလိမ့်မည်။ မိမိတို့လိုလားသော ပြည်ထောင်စုစနစ်ကို အခြေခံမည့်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံမည့်၊ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်မည့် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ မကြာမီ ကူးပြောင်းရောက်ရှိတော့မည် ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိနေကြပေသည်။**

သို့ရာတွင် ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက် ဆိုသကဲ့သို့ပင် မလိုတမာစိတ်ထားဖြင့် အာဃာတမီးပွားများ တဖွားဖွားဖြစ်နေရာမှ မီးတောက်မီးလျှံအဖြစ်သို့ ပုံဖော်ရန်အတွက် ဆွေ့ဆွေ့ခုန်ဖြစ်နေသူများလည်း ရှိနေကြောင်း ၎င်းတို့၏ ကြေညာချက်များနှင့် ပြည်ပ အသံလွှင့်ဌာနများ၏ သွေးထိုးလှုံ့ဆော်ချက်များမှတစ်ဆင့် ကြားသိနေရသည်။

ယနေ့ မြန်မာ့နိုင်ငံရေးခရီး၏ဖြစ်စဉ်တွင် မြည်းတစ်ကောင်နှင့် သားအဖနှစ်ယောက်ပုံပြင်လို ယုန်ထင်ကြောင်ထင်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သူများ၏ အကြောင်းပြချက်များကလည်း တစ်ခါလာ မဲပြာပုဆိုး ဆိုသကဲ့သို့ပင် အပ်ကြောင်းထပ်နေပြန်သည်။ ၎င်းတို့ ခုတုံးလုပ် အကြောင်းပြချက်များထဲမှ ခေတ်နှင့်လည်း မလျော်ညီ၊ ပကတိ အခြေအနေများကိုလည်း မထင်ဟပ်၊ ဒီမိုကရေစီနည်းလမ်းလည်း မကျသော ပုတ်ခတ်စွပ်စွဲမှုတစ်ခုမှာ "ဗမာကြီးစိုးရေး လူမျိုးကြီးဝါဒ လုပ်နေသည်၊ တိုင်းရင်းသားတို့၏ အခွင့်အရေးကို မျက်ကွယ်ပြုနေသည်"ဟူသော စွပ်စွဲချက်ပင်ဖြစ်သည်။

ရှေ့ဖြစ်နောက်ကြောင်းများကို ဂဃနဏ မဆန်းစစ်နိုင်ပါက အဆိုပါ စွပ်စွဲချက်မှာ ဟုတ်လိမ့်နိုးနိုး ထင်မှတ်မှားဖွယ်ရာ ဖြစ်နိုင်ပေသည်။ စင်စစ် ဤစွပ်စွဲချက်သည် ကိုလိုနီနယ်ချဲ့တို့၏ မြန်မာနိုင်ငံအား နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြုအုပ်စိုးသွားစဉ်က ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်ရေးစနစ်၏ ပယောဂ စနက်ဖြစ်ကြောင်း ရှေ့မီနောက်မီ သိမြင်နှံ့စပ်သူတိုင်း သဘောပေါက်နှင့်ပြီးဖြစ်သည်။

ထိုပယောဂစနက်ကို ပယ်ဖျောက်နိုင်ရန်အတွက် ၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံခေါ်ယူကျင်းပ ညှိနှိုင်းခဲ့ရသည်။ ကိုလိုနီနယ်ချဲ့တို့ထံမှ လွတ်လပ်ရေး အမြန်ရရှိစေရန်အတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖုတ်ပူမီးတိုက် ရေးဆွဲအတည်ပြုခဲ့ရသည်။ ထိုအကျိုးဆက်ကြောင့်ပင် နိုင်ငံရေးအယူဝါဒများ ကွဲပြားခြားနားသူတို့၏ ပြည်တွင်းသောင်းကျန်းမှုမီးလျှံ အနှစ် (၄၀) ကျော် လောင်မြိုက်မှုကို တိုင်းရင်းသားပြည်သူများ ခံခဲ့ကြရသည်။

ထိုကာလမှာပင် ကိုလိုနီနယ်ချဲ့လက်သစ်၏ ကွန်မြူနစ်ဝါဒ ကျင့်သုံးသည့်နိုင်ငံများ ဖြိုခွဲရေးစီမံကိန်း ပေါ်ပေါက်လာသည်။ အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသတွင် ဒေသဆိုင်ရာ စစ်ပွဲများ ဖြစ်ပွားခဲ့သည်။ စစ်အေးတိုက်ပွဲကာလ၏ နိုင်ငံရေးလွန်ဆွဲပွဲတွင် မြန်မာနိုင်ငံလည်း အဆစ်ပါခဲ့ရသည်။ ဒေသတွင်း ထူထောင်လာသော စစ်အုပ်စုများ၏ သိမ်းသွင်းမှုနောက်သို့ ဒေသစွဲ၊ လူမျိုးစွဲကြီးမားသော တိုင်းရင်းသားပဒေသရာဇ် အနွယ်ဝင်အချို့ ကောက်ကောက်ပါသွားခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုမှခွဲထွက်ပြီး ဆီးတိုးစစ်အုပ်စုထဲသို့ ဝင်ရန်အထိ လုပ်ကြံဇာတ်လမ်းဖြင့် ဖက်ဒရယ်မူတောင်းဆိုချက်များ ပွက်လောညံလာသည်။ ထိုစဉ်က အာဏာရနိုင်ငံရေးပါတီ၏ နိုင်ငံရေးအပေးအယူ ဈေးဆစ်ပွဲကြောင့် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ် ချောက်ကမ်းပါးအတွင်းသို့ ကျရောက်ရန် လက်တစ်လုံးသာလိုတော့သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်ကို ဖြတ်သန်းခဲ့ရပြန်သည်။

မည်သို့ပင်ရှိစေကာမူ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်ထောင်စု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ရပ်တည်ချက်ပေါ်တွင် အခိုင်အမာ စုစည်းရပ်တည်ခဲ့သည်။ တပ်မတော်ကလည်း ပြည်သူတို့၏ရှေ့မှာ မားမားမတ်မတ်ရပ်တည်ပြီး ပြည်ထောင်စု၏ အန္တရာယ်ရန်စွယ်များကို သက်စွန့်ဆံဖျား တွန်းလှန်တိုက်ထုတ် ပေးခဲ့သည်။ တိုင်းရင်းသားလူမျိုးအပေါင်း၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်သည် တပ်မတော်တွင် အခိုင်အမာ အမြုတေအဖြစ် မွေးဖွားရှင်သန်လာခဲ့သည်။**

ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို တာဝန်ယူခဲ့ရသော တပ်မတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် ဦးစားပေးအလေးထား တည်ဆောက်ခဲ့သည်။ ဤအချက်ကို ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့သော တပ်မတော်အစိုးရ၏ ကြေညာချက်အမှတ်(၁/၉၀)တွင် အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။

**ယင်းကြေညာချက်၌ "ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရနိုးကြားလာသော တိုင်းရင်းသားလူမျိုးများ အများအပြားရှိရာ ၎င်းတို့၏ ဆန္ဒသဘောထားကို ညှိနှိုင်းရယူပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေသည်"ဟူ၍ ဖော်ပြထားသည်။ ယင်းသည် တပ်မတော်နှင့် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသော သစ္စာတရားပင် ဖြစ်သည်။**

**တပ်မတော်သည် အပြောနှင့်အလုပ် ညီညွတ်ခဲ့သည်။ ၁၉၈၉ခုနှစ်မှ စတင်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်နည်းအားဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ ကြိုးပမ်းတည်ဆောက်ခဲ့သည်။ တပ်မတော်၏ သဘောထားနှင့် ဆန္ဒကို လက်တွေ့လုပ်ရပ်များနှင့် နှိုင်းယှဉ်ချင့်ချိန်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြသည်။**

အဆိုပါ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်မှ ခွဲထွက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံလည်း ပါဝင်သည်။ ရှမ်းပြည်နယ်မှ SSA, PNO,PSLA စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ပါဝင်သည်။ ကချင်ပြည်နယ်မှ KIA, KDA စသည့် အဖွဲ့များလည်း ပါဝင်သည်။ ကယားပြည်နယ်မှ KNPP, ကလလတ စသည့် အဖွဲ့များလည်း ပါဝင်သည်။ ကရင်ပြည်နယ်မှ DKBA, KNU/KNLA ငြိမ်းချမ်းရေးကောင်စီ စသည်တို့လည်း ပါဝင်ခဲ့သည်။

**အဆုံးစွန်ပြောရလျှင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ထူထောင်ကြောင်း ကြေညာခဲ့ဖူးသည့် ဦးခွန်ဆာ၏ MTA ဆိုလျှင် လူအင်အား ၁၀၀၀၀ ကျော်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေးကို အပြီးအပိုင် လဲလှယ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ခြောက်နှစ်တာမျှကာလအတွင်း အင်အား တစ်သိန်းနီးပါးမျှ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ခဲ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှုမျိုး မြန်မာနိုင်ငံမှလွဲ၍ အခြားမရှိဟု ဆိုရလောက်အောင်ပင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ရရှိခဲ့ခြင်းဖြစ်သည်။**

**လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ နိုင်ငံရေးမူဝါဒနှင့် အယူအဆပင် ပြောင်းလဲရန်ခက်ခဲကြောင်း အားလုံးအသိပင်ဖြစ်သည်။ နှစ်ပေါင်း ၄၀ကျော်တိုင် အစိုးရအဆက်ဆက်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော တိုင်းရင်းသားအဖွဲ့များ ယခုကဲ့သို့ တပ်မတော်နှင့် လက်တွဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ခြင်းသည် တိုင်းရင်းသားများအရေးကို တပ်မတော်အစိုးရက ရိုးသားပွင့်လင်းစွာ လက်တွေ့ကျကျ ဖော်ဆောင်ပေးနေသည်ဟူသော ယုံကြည်ချက်၊ ခံယူချက်ကြောင့် ဖြစ်ကြောင်း အလွန်ပင် သိသာထင်ရှားနေပါသည်။**

ထို့ကြောင့်လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ ယုံယုံကြည်ကြည် ပါဝင်တက်ရောက်ခဲ့ကြသည်။ နိုင်ငံတော်အရေး၊ ပြည်ထောင်စုအရေးမှအစ တိုင်းရင်းသားလူမျိုးများ၏အရေးကို အာမခံချက်ပေးနိုင်မည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြားကိုယ်စားလှယ်များနှင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးပြီး ချမှတ်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများအတိုင်းပင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲခဲ့ခြင်းဖြစ်ရာ လက်ရှိအခြေအနေတွင် ဒီမိုကရေစီနည်းလမ်းတကျဖြင့် တိုင်းရင်းသားတို့၏ အခွင့်အရေးမှန်သမျှကို ဖော်ဆောင်ပေးထားကြောင်း ၎င်းတို့အသိဆုံးပင်ဖြစ်သည်။ ထို့အတူ **အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ထဲထဲဝင်ဝင် လေ့လာသုံးသပ်သူတိုင်းကလည်း ယခု ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို နိုင်ငံနှင့်လူမျိုး၏ ပကတိအခြေအနေအရ အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးထားကြောင်း သမာသမတ်ကျစွာ ရှုမြင်လျက်ရှိကြသည်။**

**အကျဉ်းချုံး၍ လေ့လာလျှင်ပင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန်သာရှိတော့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်ရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ နိုင်ငံတော်နှင့်တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အဆများစွာ ပိုမိုဖော်ဆောင်ပေးထားခြင်းဖြစ်ကြောင်း တွေ့ရှိရမည်သာ ဖြစ်သည်။**

**အကြမ်းဖျင်းအားဖြင့် ထင်သာမြင်သာအောင် တင်ပြရလျှင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခွင့်အာဏာများကို တိုင်းရင်းသားလူမျိုးစုငယ်များ အထိပင် ခွဲဝေအပ်နှင်းထားသည်။ ဗဟို၌ ပြည်ထောင်စုတစ်ခုလုံး၏ ဥပဒေပြုရေးအခွင့်အာဏာကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကျင့်သုံးမည် ဖြစ်သည်။**

အဆိုပါ လွှတ်တော်များတွင် မဲဆန္ဒနယ်အလိုက် ပြည်သူလူထုကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်နည်းတူ

> **အကြမ်းဖျင်းအားဖြင့် ထင်သာမြင်သာအောင် တင်ပြရလျှင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခွင့်အာဏာများကို တိုင်းရင်းသား လူမျိုးစုငယ်များအထိပင် ခွဲဝေအပ်နှင်းထားသည်။ ဗဟို၌ ပြည်ထောင်စုတစ်ခုလုံး၏ ဥပဒေပြုရေးအခွင့်အာဏာကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကျင့်သုံးမည် ဖြစ်သည်။**

ယ
နှစ်ပေါ
ပါလီမ
ညီညွတ်
သားအ
ပေါင်းစု
လာခဲ့ပြ
နယ်ချဲ့
လွှမ်းသု
အပေါ

တိုင်းဒေသကြီး
ပြုသည့် အမျိုးသ
မဲဆန္ဒနယ်အလို
ကိုယ်စားလှယ်
တိုင်းရင်းသားလ
မဲဆန္ဒရှင်များက
ဖြစ်ရာ တိုင်းရ
ဖြစ်သည်။
ထို့ကြောင့်
လွှတ်တော်အသီ
ညီမျှ လမ်းဖွင့်
လွှတ်တော်များ
ဥပဒေ ပြုခွင့်အ
ဖွဲ့စည်းအုပ်ချုပ်
၎င်းလွှတ်တော်
ပြည်နယ်၊ ကရင်
သည်။ ထိုစဉ်က
ပြုရေးအခွင့်အ
ပြည်နယ်ခုနစ်
အခွင့်အာဏာ
ကြည့်ခြင်းဖြင့်
နာစေဟူသည့်
ဖော်ဆောင်ခွင့်
တွေ့ရှိရမည်ဖြစ်
ထို့ထက်ပို
တိုင်းတစ်ခုနှင့်
ဖြစ်သည်။ ၎င်း
ခွင့်အာဏာများ
ခွဲဝေအပ်နှင်းထ
ငယ်များအတွက်
အုပ်ချုပ်ခွင့်ရ
ဥပဒေပြုခွင့်နှင့်
ချမှတ်ပေးထား
အုပ်ချုပ်
ပြည်ထောင်စုအ
အကြီးအကဲဖြစ်
မည်သည့်လူမျိုး
ပြည်ထောင်စုလ
သုံးဖွဲ့က မိမိတို့
ရွေးချယ်တင်မြ
ဖွဲ့ကို ပြည်သူ့
လွှတ်တော် ကိုယ
ကိုယ်စားလှယ်
အဆိုပါသ
တင်မြှောက်သ
လွှတ်တော်က
ကျန်သမ္မတလေ
ရမည်ဖြစ်သည်
ပြည်ထောင်စုကို
ရွေးချယ်တင်မြှ

န်အုံ

ါဒနှင့် အယူအဆပင်
နှစ်ပေါင်း ၄၀ကျော်
ိုင်းရင်းသားအဖွဲ့များ
ည်ဆောက်ခဲ့ခြင်းသည်
ှင့်လင်းစွာ လက်တွေ့
်၊ ခံယူချက်ကြောင့်

ါဒလမ်းစဉ်(၇)ရပ်၏
းဖိတ်ကြားသင့်သည့်
များမှ ကိုယ်စားလှယ်
။ နိုင်ငံတော်အရေး၊
ခရေးကို အာမခံချက်
ားကို အခြားကိုယ်စား
းပြီး ချမှတ်ခဲ့ကြခြင်း

မည့်မူများအတိုင်းပင်
ာ လက်ရှိအခြေအနေ
ခွင့်အရေးမှန်သမျှကို
ထို့အတူ **အမျိုးသား**
**အခြေခံရမည့်မူများကို**
**ပေါ်ပေါက်လာမည့်**
**၏ အခွင့်အရေးကို**
**ဖြစ်အောင် ဖော်ဆောင်**
**ည့်သည်။**
**ခံယူပွဲဖြင့် အတည်ပြု**
**ခံသည် ယခင် ၁၉၄၇**
**နှစ် ဖွဲ့စည်းပုံအခြေခံ**
**၏ အကျိုးစီးပွားကို**
**း တွေ့ရှိရမည်သာ**

**ပြုရလျှင် အချုပ်အခြာ**
**ရေးနှင့် တရားစီရင်ရေး**
**ထိပင် ခွဲဝေအပ်နှင်း**
**ရေးအခွင့်အာဏာကို**
**ရပ်ပေါင်းထားသည့်**
**ဖြစ်သည်။**
က် ပြည်သူလူထုကို
း ပါဝင်သည့်နည်းတူ

တင်ပြရ
စ်သော
အခွင့်
ထိပင်
ခုလုံး၏
တာ်နှင့်
ထောင်စု

# ယနေ့ မြန်မာနိုင်ငံ၏သက်တမ်း၊ ပြည်ထောင်စုကြီး၏သက်တမ်းသည် နှစ်ပေါင်း(၁၀၀၀)ကျော် အခွန့်ရှည်ကြာခဲ့ပြီဖြစ်သည်။ ကိုလိုနီနယ်ချဲ့ခေတ်နှင့် ပါလီမန် ဒီမိုကရေစီခေတ်တို့မှတစ်ပါး ခေတ်တိုင်းတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အခိုင်အမာတည်ရှိခဲ့သည်။ ထိုခေတ်တိုင်းတွင် လူမျိုးရေးနှင့် တိုင်းရင်းသားအရေးဟူ၍ အယူအဆ ကွဲပြားခြားနားခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်။ လူမျိုးကြီးဝါဒ ကျင့်သုံးနေသည်ဟူသော စွပ်စွဲချက်များသည် နယ်ချဲ့လက်ဟောင်းလက်သစ်တို့၏ အာဘော်၊ အမေကျော် ဒွေးဘော်လွမ်းသူအချို့၏အကြောင်းပြချက်များသာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူ အပေါင်းက ကောင်းကောင်းကြီး သိနေကြပေသည်။

တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ခုကို အရေအတွက် ဆတူကိုယ်စားပြုသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။ မဲဆန္ဒနယ်အလိုက် ပြည်သူလူထုကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဟုဆိုရာ၌လည်း မြန်မာနိုင်ငံ မြို့နယ်အနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိကြသဖြင့် မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များပင်ဖြစ်မည်ဖြစ်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များလည်း ပါဝင်လာမည်သာဖြစ်သည်။

ထို့ကြောင့် ဥပဒေပြုရေးအခွင့်အာဏာကို ဗဟိုမှတာဝန်ယူကျင့်သုံးမည့် လွှတ်တော်အသီးသီးသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို တန်းတူညီမျှ လမ်းဖွင့်ပေးထားကြောင်း တွေ့ရှိနိုင်သည်။ ထို့အတူ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကိုလည်း ဖွဲ့စည်းပြီး ဒေသအလိုက် ဥပဒေ ပြုခွင့်အာဏာ ကျင့်သုံးခွင့်ရရှိဦးမည် ဖြစ်သည်။ ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်၊ ၎င်းလွှတ်တော်နှစ်ရပ် ပေါင်းထားသောပါလီမန်နှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်ကောင်စီတို့တွင်သာ ဥပဒေပြုခွင့်ရှိခဲ့သည်။ ထိုစဉ်က ချင်းဝိသေသတိုင်း ဟူ၍ ဖွဲ့စည်းထားရှိခဲ့ပြီး ၎င်း၌ ဥပဒေပြုရေးအခွင့်အာဏာ မရှိခဲ့ပေ။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ခုနစ်ခု ဖြစ်တည်လာခဲ့သော်လည်း ထိုပြည်နယ်များတွင် ဥပဒေပြုရေး အခွင့်အာဏာ ကျင့်သုံးနိုင်သည့် လွှတ်တော်များမရှိခဲ့ပေ။ ဤမျှနှိုင်းယှဉ်ကြည့်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေဟူသည့် သဘောထားမရှိဘဲ အဆင့်အတန်းတူ အခွင့်အလမ်းတူ ဖော်ဆောင်ခွင့်ကို ယခုဖွဲ့စည်းပုံအခြေခံဥပဒေသစ်က အပ်နှင်းထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထို့ထက်ပို၍ ပေးထားသည့်အခွင့်အရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု ဖွဲ့စည်းခွင့်ပေးထားခြင်းဖြစ်သည်။ ၎င်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများကိုလည်း ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုလည်း ခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသည့် တိုင်းရင်းသားလူမျိုးစုငယ်များအတွက်လည်း အနည်းဆုံး လူဦးရေ တစ်သောင်းရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ပြီး ဥပဒေပြုခွင့်နှင့် အုပ်ချုပ်ခွင့်များရရှိအောင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ပေးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာ ခွဲဝေကျင့်သုံးမှုကိုကြည့်ပါက ဗဟိုတွင် ပြည်ထောင်စုအစိုးရအဖွဲ့ တည်ရှိမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရာ၌လည်း မည်သည့်လူမျိုးကို ရွေးချယ်တင်မြှောက်ရမည်ဟု ကန့်သတ်ထားခြင်းမရှိပေ။ ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ သုံးဖွဲ့က မိမိတို့ လိုလားနှစ်သက်သူ တစ်ဦးစီကို သမ္မတလောင်းများအဖြစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့သုံးဖွဲ့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဟူ၍ ဖွဲ့စည်းသွားမည်ဖြစ်သည်။

အဆိုပါသမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ သုံးဖွဲ့က ရွေးချယ်တင်မြှောက်သော သမ္မတလောင်း သုံးဦးအနက်မှ တစ်ဦးကို ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ အရွေးချယ်မခံရသော ကျန်သမ္မတလောင်းနှစ်ဦးသည် ဒုတိယသမ္မတများအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများထဲမှပင် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည့်ပုဂ္ဂိုလ်သာဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲ ရွေးချယ်တင်မြှောက်ရာမှာပင် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲကင်းရှင်းအောင် ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိနိုင်သည်။

အုပ်ချုပ်ရေးအခွင့်အာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့အားအပ်နှင်းထားသကဲ့သို့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အုပ်ချုပ်ရေး အခွင့်အာဏာ ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အသီးသီးကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ကြမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း တာဝန်ပေးခန့်အပ်ရာတွင် မည်သည့် တိုင်းရင်းသားလူမျိုး ဖြစ်ရမည်ဟူသော ကန့်သတ်ချက်မရှိပေ။ ထို့ကြောင့် သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံသားတိုင်း(တိုင်းရင်းသားတိုင်း) ဝန်ကြီး၊ ဒုတိယဝန်ကြီး ဖြစ်နိုင်ခွင့်ရှိသည်။ တရားစီရင်ရေး အာဏာခွဲဝေအပ်နှင်းရာ၌လည်း အဆိုပါအခြေခံမူသဘောထားများအတိုင်းပင်ဖြစ်ရာ အဘယ့်ကြောင့် ဗမာကြီးစိုးရေး လူမျိုးကြီးဝါဒ လုပ်နေသည်၊ တိုင်းရင်းသားတို့အခွင့်အရေးကို မျက်ကွယ်ပြုနေသည်ဟု စွပ်စွဲနေရပါသနည်းဟုသာ မေးခွန်းထုတ်ရန် ရှိတော့သည်။

အဖြေမှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မောင်ပိုင်စီးလိုသည့် တစ်ပါတီကြီးစိုးရေးဝါဒီများနှင့် ပြည်ထောင်စုဖြိုခွဲရေး လူမျိုးရေး အစွန်းရောက်ဝါဒီများ မသူတော်ချင်း သတင်းလွှ့ကာ နိုင်ငံရေး အပေးအယူလုပ်ပြီး နိုင်ငံနှင့်လူမျိုးကို အန္တရာယ်ချောက်ကမ်းပါးထဲ ကျရောက်အောင် သွေးထိုးလှုံ့ဆော်နေခြင်းမှတစ်ပါး အခြားမရှိကြောင်း တွေ့ရှိရမည် ဖြစ်သည်။

**ယနေ့ မြန်မာနိုင်ငံ၏ သက်တမ်း၊ ပြည်ထောင်စုကြီး၏ သက်တမ်းသည် နှစ်ပေါင်း(၁၀၀၀)ကျော် အခွန့်ရှည်ကြာခဲ့ပြီ ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ခေတ်နှင့် ပါလီမန် ဒီမိုကရေစီခေတ်တို့မှတစ်ပါး ခေတ်တိုင်းတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အခိုင်အမာတည်ရှိခဲ့သည်။ ထိုခေတ်တိုင်းတွင် လူမျိုးရေးနှင့် တိုင်းရင်းသားအရေးဟူ၍ အယူအဆ ကွဲပြားခြားနားခြင်းမရှိဘဲ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့ကြသည်။ လူမျိုးကြီးဝါဒ ကျင့်သုံးနေသည်ဟူသော စွပ်စွဲချက်များသည် နယ်ချဲ့လက်ဟောင်း လက်သစ်တို့၏ အာဘော်၊ အမေကျော် ဒွေးဘော်လွမ်းသူ အချို့၏အကြောင်းပြချက်များသာဖြစ်ကြောင်း တိုင်းရင်းသား ပြည်သူအပေါင်းက ကောင်းကောင်းကြီး သိနေကြပေသည်။**

**မျက်မှောက်ကာလတွင် ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်းဆုံးအာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုနိုင်ရေးသည် အဓိကအရေးပင် ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့်သာ အနာဂတ် နိုင်ငံတော်ကို တည်ဆောက်သွားကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်လိုဖျက်ဆီးလုပ်နေသူ ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်ထောင်စုကြီး၏ ရန်သူ၊ တိုင်းရင်းသားအားလုံး၏ ဘုံရန်သူအဖြစ် တစ်နေ့တခြား ရုပ်လုံးပေါ်လာနေလေပြီ။**

ယခု ၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံအတွက် တန်ဖိုးကြီးမားသော ရွေးချယ်မှုအဖြစ် ခေတ်သစ် စနစ်သစ်သို့ အလှည့်အပြောင်း ပြုလုပ်ကြရတော့မည့် အခါသမယဖြစ်ကြောင်း တိုင်းရင်းသားပြည်သူအပေါင်းက နားလည်သဘောပေါက်နေကြပြီဖြစ်သည်။ နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသော ဆုံရပ်မှတ်တိုင်သို့ ရောက်ရှိနေပြီဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အလျင်အမြန် ကူးပြောင်းရောက်ရှိရေးအတွက် သွေးခွဲသပ်လျှိုမှုများကို ဖယ်ရှားပြီး လမ်းကြောင်းမှန်အတိုင်း ဦးလည်မသုန် ချီတက်ကြမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ကိုးဘွဲ့ရ မဟာသိမ်တော်ကြီးအတွက် ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် ဘွဲ့ကိုးဘွဲ့ရ သာသနာပြုဓမ္မကထိက ဆရာတော် ဦးဆောင်တည်ဆောက်လျက်ရှိသော ကိုးဘွဲ့ရ မဟာပါသာဒသိမ်တော်ကြီးအတွက် ဗဟန်းမှ ဦးစိန်ဝင်းသောင်း-(ဒေါ်သိန်းသိန်းမြ) သား မင်းသားဖိုးချစ်တို့က ငွေကျပ် ၁၅သိန်း၊ ဦးလှမင်း-ဒေါ်မြင့်ဝေ၊ ကိုအောင်လှိုင်ဦး-မခိုင်သင်းမွန် မိသားစု၊ လမ်းမတော်မှ ဦးမြင့်ဟန်မိသားစု၊ ဦးခင်စိုး-ဒေါ်ယဉ်မြင့်မြင့်နှင့် မိသားစု၊ ဗိုလ်တထောင်မှ ဒေါက်တာ မျိုးအောင်-ဒေါက်တာ စန်းစန်းဝင်း၊ သမီး ခင်သဉ္ဇာအောင်၊ သဃ်န်းကျွန်းမှ ဦးရဲဝင်း-ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်မြရီနှင့်သမီး စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)၊ (၁၁)လမ်းမှ ဒေါ်တင်အေး မိသားစု၊ ရန်ကင်းမှ ဘူမိဗေဒဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဇော်ဘွားကြီးကုန်းမှ လမင်းမိသားစု၊ မင်္ဂလာတောင်ညွန့်မှ ဒေါက်တာစိုးသိန်း-ဒေါ်မြင့်မြင့်စိန်၊ ဒေါက်တာသန်းထွန်း-ဒေါ်ဌေးဌေးအောင်၊ ဒေါက်တာအေးအေးမော်၊ ရှစ်မိုင်ခွဲမှ ဒေါ်ခင်ဖုန်းမိသားစု၊ မရမ်းကုန်းမှ ဒေါ်ခင်ခင်မိသားစု၊ (၃၉)လမ်းမှ ဒေါ်ဝင်းဝင်းသန်း၊ လသာမြို့နယ်မှ ဦးတင်ဝင်း-ဒေါ်ဝင်းဝင်းစန်း၊ ဦးစိန်ဝင်း-ဒေါ်ကင်းမိတို့က ငွေကျပ် ၁၀ သိန်းစီ၊ စုစုပေါင်းအလှူငွေကျပ် သိန်း ၂၇၀ ကုသိုလ်ပါဝင်ကြသည်။ စေတနာရှင်များ လှူဒါန်းလိုပါက ဖုန်း-၀၉ ၂၁ ၃၀၈၉၅၊ ၀၉၅၀ ၅၅၁၇၆၊ ၀၁-၇၀၈၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## လူငယ်(ရေကြောင်း) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

လူငယ်(ရေကြောင်း)ကျောင်းသား၊ကျောင်းသူဟောင်းများ(၁၉၇၁-၁၉၈၈) ခုနှစ်၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲကို မတ် ၃၀ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း ဓနုဓမ္မာရုံ (ကြေးသွန်းဘုရားကြီးရှေ့)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ မတ် ၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီနှင့် မတ် ၉ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတို့တွင် တွေ့ဆုံညှိနှိုင်းပွဲများ ကျင်းပမည်ဖြစ်ရာ (လူငယ်ရေကြောင်းစခန်းပေါင်းစုံ)မှ ကျောင်းသူ၊ကျောင်းသားဟောင်းများလည်း ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ကိုဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ကိုဟန်ထွေးအောင် ဖုန်း-၀၉၅၁၀၅၈၁၅၊ အိအိသန့် ဖုန်း-၅၀၅၉၃၇၊ ကိုအောင်နိုင်(ဗဟန်း)ဖုန်း-၀၉ ၅၀၄၇၁၅၉၊ ကေသီဦး ဖုန်း-၅၂၄၆၂၈၊ အိအိဝင်း ဖုန်း-၅၁၀၆၂၅၊ သက်ဦး ဖုန်း-၀၉၉၉၇၁၃၃၂၊ အောင်ချိုမင်း ဖုန်း-၂၅၂၆၃၈၊ ခင်လေးဝေ ဖုန်း-၀၉၅၀၅၅၂၂၉၊ ကိုအေးလင်း ဖုန်း-၀၉၅၁၀၄၉၈၃ နှင့် ခင်မမချို ဖုန်း-၀၉၉၉၇၃၇၄၆ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြေးမုံ The Mirror

အနုပညာ ကဏ္ဍ

## အနုပညာ ၇နှလုံးအိမ် ရုပ်ရှင်သင်တန်း အပတ်စဉ်(၂)ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ငါးထပ်ဆင့်အကယ်ဒမီ မောင်တင်ဦး စုစည်းဖန်တီးသည့် အနုပညာ နှလုံးအိမ် အခြေခံရုပ်ရှင်သင်တန်း အပတ်စဉ်(၂) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီက အမှတ်(၂)၊ မိုးကောင်းလမ်း၊ စကားဝါအိမ်ရာ၊ စကားဝါခန်းမ၌ကျင်းပသည်။

သင်တန်း CEO ဦးအောင်ကြည်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒါရိုက်တာ အကယ်ဒမီ မောင်တင်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် ဆရာငြိမ်းမင်းက နှုတ်ဆက်စကား ပြောကြားပြီး စတင်သင်ကြားသည်။ အဆိုပါ သင်တန်းဖွင့်ပွဲသို့ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။ အခြေခံပညာအထက်တန်းစာပေးပွဲဖြေဆိုပြီးသူများအတွက် အထူးသင်တန်းကို မတ်၁၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉-၂-၂၀၀၈(သောကြာနေ့)**

### နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

### ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၁၅** ၄။ မဟာဂီတချိုကြည်မြ
- **၄:၂၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၂၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၅:၂၅** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၁)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စေညွှန်းရာလမ်းမများ **"တက္ကစီမင်းနှင့်နှောင်တ"**
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၃၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# သာသနာ့အမွေခံလက်မှုပညာရှင်များ

**သတင်း၊ ဓာတ်ပုံ**
**တင်ဝင်းလေး ( ကြည့်မြင်တိုင် )**

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော် အထွန်းကားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သာသနာတော်ထွန်းကားသည်နှင့်အညီ စေတီ၊ ပုထိုး၊ တန်ဆောင်း၊ ကျောင်းကန်နှင့် ရဟန်း၊ သံဃာတို့သည်လည်း အလွန်ပေါများလှပေသည်။

စေတီပုထိုးတို့တွင် အထွတ်တင်အပ်သော ထီးတော်များ၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံတို့တွင် အမွှမ်းတင်အပ်သော အလှဆင်ပန်းများ၊ ကောင်းမှုအစုစုတို့အား မော်ကွန်း၊ ကမ္ပည်းမှတ်တမ်းတင်အပ်သော ကျောက်စာများ၊ သာသနာတော်ဆိုင်ရာ အဆောင်အယောင်များဖြစ်သော ကနက္ကဒဏ်(ထီးဖြူတော်)များ ဓာတ်၊ နိပါတ်တော်နှင့် သစ်ရိုးပန်းများ၊ ရဟန်းသံဃာတို့ ဆင်မြန်းအပ်သော သင်္ကန်းတော်များ ပြုလုပ်ချုပ်လုပ်ခြင်းသည် စက်မှုပညာဖြင့် အစားထိုးမရနိုင်သော မြန်မာ့ လက်မှုပညာ(ပန်းပညာ) စစ်စစ်တစ်ရပ်ပင် ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ၎င်းမြန်မာ့လက်မှုပညာရပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကပင် ယနေ့တိုင် တစ်စုတစ်ပေါင်းတည်း နေထိုင်ကြပြီး သားစဉ်မြေးဆက်နှင့် တပည့်များစွာတို့အား ပညာအမွေဖြန့်ဝေပေးနေသော ရပ်ကွက်ကြီးတစ်ခုရှိနေသည်။ ထိုရပ်ကွက်ကြီးသည်ကား ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရေးယခင်အခေါ် ဘော်ဂါယခုအခေါ် ဘောဂရပ်ကွက်ပင် ဖြစ်ပေသည်။

ယခင်က ထိုရပ်ကွက်တွင် မြန်မာ့လက်မှုပညာတစ်ရပ်ဖြစ်သည့် အငြိမ့်၊ ဓာတ်တို့တွင် ချိတ်ဆွဲသော ကန့်လန့်ကာများ ချုပ်လုပ်ခြင်း၊ ရွှေချည်၊ ငွေချည်ထိုးလုပ်ငန်း၊ ကျောက်သွေး အကွက်ဖော်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း ယခုအခါ ထိုလုပ်ငန်းလုပ်ကိုင်သူများ ပျောက်ကွယ်သွားပြီကို ဝမ်းနည်းဖွယ်သိခဲ့ရသည်။ ပန်းတဉ်းပညာဖြစ်သော

သားတပည့်မြောက်မြားစွာကို လုပ်ငန်းပညာ အမွေပေးနေသော ပန်းတဉ်းပညာရှင် ဆရာဦးအောင်ဖြိုး။

ကြေးပြားဖြင့် ထုလုပ်ရသည့် ဘုရားထီးတော်၊ သွပ်ပြားဖြင့် ထုလုပ်ရသည့် တန်ဆောင်းပန်းလုပ်ငန်း၊ ပိတ်ဖြင့်ချုပ်ရသော ကနက္ကဒဏ်(ထီးဖြူတော်)၊ တံခွန်လုံးချုပ်လုပ်ငန်း၊ ကျောက်စာထုလုပ်ငန်း၊ သင်္ကန်းချုပ်လုပ်ငန်း၊ သစ်စေးသစ်ရိုး မှန်စီရွှေချလုပ်ငန်းတို့သာ ရှိတော့သည်။

အဆိုပါ ရပ်ကွက်ကြီးသည် ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ကျောင်းကြီးတိုက်၊ စလင်းကျောင်းတိုက်၊ သာစုကျောင်းတိုက်နှင့် စမ်းချောင်းမြို့နယ်အတွင်းရှိ ဗားဂရာကျောင်းတိုက်၊ ဥယျာဉ်ကျောင်းတိုက်၊ နေနတ်သား စာသင်တိုက်ကြီးများရှိရာ ဗဟိုတွင်တည်ရှိနေသည့်အတွက် သင်္ကန်းချုပ်လုပ်သူ အများအပြားရှိခဲ့သည်။ ထိုအထဲမှ သားစဉ်မြေးဆက် အမွေပေး၍ ယနေ့တိုင်ချုပ်လုပ်နေသော အသက် (၉၂)နှစ်ရှိ အဖွားသိန်းက "အဘွားအသက် (၁၄)နှစ် သမီးအရွယ်ထဲက သင်္ကန်းကို ကိုယ်တိုင်ချုပ်လာတာ (၈၂)နှစ်ကျမှ ချုပ်ခုံပေါ်က ဆင်းတာကွဲ့၊ အခုတော့ မြေးတွေကို ပညာအမွေပေးထားပြီမို့ သူတို့တွေ ဆက်လုပ်နေကြပြီလေ"ဟု ပြောကြားခဲ့သည်။

ထို့နောက် ပန်းတဉ်းပညာရပ်ဖြင့် အဘိုးမှသည် သားစဉ်မြေးဆက် လုပ်ကိုင်လျက် အသက်မွေးဝမ်းကျောင်းပြုနေသော အသက် (၇၈)နှစ်ရှိ အဘ ဦးဘသင်းက "ဒီပန်းတဉ်းပညာလို့ခေါ်တဲ့ ဘုရားထီးတော်ထုလုပ်တဲ့ အတတ်ကို အဘိုးဆီက သင်ယူခဲ့တာပါ၊ အခုလဲ သားတွေနဲ့ အတူ စုပေါင်းလုပ်ကိုင်ပြီး အစဉ်အလာကို မပျောက်ပျက်အောင် စောင့်ထိန်းသွားမှာပါ" ဟု လုပ်ငန်းအပေါ် သံယောဇဉ်ကြီးစွာဖြင့် ဆိုခဲ့သည်။

ဆက်လက်၍ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံတို့တွင် အလှဆင်နှစ်ထပ်သွပ်ပန်းပညာရှင် အသက် (၆၈)နှစ်ရှိ ဆရာကြီး ဦးအောင်ဖြိုးက ပြောပြရာတွင် ယခုနောက်ပိုင်း ရွှေရောင်စတီးပြားများ ပေါ်လာသည့်အတွက် ထီးတော်ပြုလုပ်ပြီး သစ်စေးသုတ်ခြင်း၊ ရွှေချခြင်း၊ ဝန်ဆောင်မှုများ

ပန်းတဉ်းပညာကိုမပျောက်ပျက်အောင်စောင့်ထိန်းသွားမှာပါ။
အဘ ဦးဘသင်း

လျော့သွားပြီဖြစ်ကြောင်း ဈေးအနေဖြင့်လည်း ထက်ဝက်ကျော်သက်သာသွားသည့်အတွက် အသုံးပြုသူများအနေဖြင့် စတီးထီးတော်များကို အကြိုက်တွေ့လာကြောင်း အရောင်အဆင်း သက်တမ်းအားဖြင့်လည်း ခြောက်နှစ်၊ ခုနစ်နှစ်ခန့်ခံကြောင်း၊ နှစ်ကြာလာသည့်အခါ ၎င်းထီးတော်ကိုပင် ရွှေအစစ်ပြန်ချ၍ တင်လှူနိုင်ကြောင်း သိရသည်။

အမိ၊ အဖမှသည် မိရိုးဖလာလုပ်ငန်း တစ်ရပ်အနေဖြင့် ကနက္ကဒဏ်နှင့် တံခွန်လုံးချုပ်လုပ် အသက်မွေးဝမ်းကျောင်းပြုနေသော အသက် (၆၂)နှစ်ရှိ ဒေါ်တင်ရီမှလည်း "ဒီဘက်ခေတ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရာမှာရော ကထိန်အလှူပွဲတွေမှာပါ ကနက္ကဒဏ်ထီးကို အလှူများလာတာ တွေ့ရပါတယ်"ဟု ပြောကြားခဲ့သည်။ ကနက္ကဒဏ်ထီးနှင့် တံခွန်လုံးကို ပိတ်၊ ဇာ၊ ပိုး၊ ဖဲ အစတို့ဖြင့် ချုပ်ကာ သွပ်ထီးကိုင်းများဖြင့် တွဲစပ် တုပ်နှောင်ရသည်။ အမိ၊ အဖ မှသည် လုပ်ငန်းသက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀နီးပါးရှိပြီး ဖြစ်သည်။

ထို့အပြင် ပြာ၊ သစ်စေးတို့ဖြင့် ပေါင်းစပ်ရောနယ်ကာ သစ်ရိုးပြုလုပ်လျက် ကျောင်း၊ ကန်၊ ဇရပ်၊ ဓမ္မာရုံတို့တွင် ဓာတ်တော်ကြီးရုပ်လုံးကြွများ၊ သစ်ရိုးပန်းနှင့် မှန်စီ ရွှေချလုပ်ငန်းများလည်း ယခုတိုင် မပျောက်မပျက် ရှိနေပေသည်။

သို့ပါ၍ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် အခြေချနေထိုင်ကြလျက် ကုသိုလ်လည်းရ ဝမ်းလည်းလှသော သာသနာ့အမွေခံ မြန်မာမှုပန်းပညာ အမွေအနှစ်တို့အား မကွယ်မပျောက်ရလေအောင် သားစဉ်မြေးဆက် ထိန်းသိမ်း စောင့်ရှောက်လာကြသော ပညာရှင်များနှင့် သာသနာတော်ဆိုင်ရာပစ္စည်းများ ပွင့်လန်းရာ ဘူမိနက်သန် အောင်မြေ ဖြစ်သည့် ဘောဂ ရပ်ကွက်အား အများပြည်သူတို့ သိရှိနိုင်ရန် ထုတ်ဖော် တင်ပြရေးသား လိုက်ရပါသည်။ ။

**ထီးချုပ်ပြီးတဲ့အခါ အခုလို ရွှေရောင်၊ ငွေရောင် အရောင်စုံ စက္ကူညောင်ရွက် လေးတွေ တပ်ရပါတယ်။**
ဒေါ်တင်ရီ
(ကနက္ကဒဏ်ထီးချုပ်လုပ်သူ)

## အထူးအယူခံခုံရုံး ရုံးထိုင် ပြစ်မှုဆိုင်ရာအထူးအယူခံမှု စီရင်ချက်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တရားရုံးချုပ်(နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၁၂နာရီခွဲတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု (၂၁)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ခြောက်မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရွှေပေါက်ကံ ကျန်စစ်သားလမ်းနေ ဦးမောင်မောင်စိုး-ဒေါ်မာမာ၊ သား တိုးဝေယံ၊ သူရထွန်း မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်ဦး၊ ဦးထွန်းဝင်နှင့် ဦးသိန်းဦးတို့ လက်ခံယူစဉ်။** (က-ပ)

**ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ၂၇လမ်း ပန်းဆိုးတန်း ၈၆/၈၇ကြား မန္တလေးမြို့နေ(ဦးအေး)-ဒေါ်ခင်စု သား၊ သမီး၊ မြေး၊မြစ်တစ်စုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## သုံးခွမြို့နယ်၌ သတ္တမအကြိမ်မြောက် (၉)မြို့နယ် ဝိနည်းစာပြန်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ သတ္တမအကြိမ်မြောက် ကိုးမြို့နယ်သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲကို မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်တွင် မတ် ၃ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင် ဥက္ကဋ္ဌဆရာတော်ဖုန်း-၃၉၀၄၂၂၊ လိုင်းခွဲ-၂၀၂၅၊ မြို့မရေလည်ကျောင်း ဖုန်း-၃၉၀၄၂၂၊ လိုင်းခွဲ-၂၀၅၂၊ စီမံခန့်ခွဲရေးဗဟိုရုံးအဖွဲ့ ဖုန်း-၃၉၀၄၂၂၊ လိုင်းခွဲ-၂၀၂၂တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရရှိသူ မောင်အာကာမင်းဦးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင် ဆုချီးမြှင့်စဉ်။** (ပညာရေး)

**တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေးစီမံချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှ စခန်းမှူးဦးအောင်လင်းဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမြင့်တို့ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးဆိုင်များအား စစ်ဆေးပြီး မီးကိုစနစ်တကျသုံးစွဲရန် အသိပညာပေးဆောင်ရွက်ကြစဉ်။** (က-ပ)

## သူရိယမုနိကြေးသွန်း ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာသမိုင်းဝင် တောင်းဆုပြည့် သူရိယမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဂန္ဓကုဋိတိုက်ကြီးအား ရွှေသားနံ့ရံ ဆေးသုတ်ခြင်းနှင့် နိဗ္ဗာန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများရေစက်ချပွဲကို ဖေဖော်ဝါရီ ၂၁ရက်နံနက်တွင် ဂန္ဓကုဋိတိုက်ကြီး၌ ကျင်းပသည်။

**အနေကဇာတင်**

အခမ်းအနားတွင် ကလေးဝတောရ စာသင်တိုက် ဆရာတော်နိုင်ငံတော် သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသောပင့်သံဃာများက သူရိယမုနိကြေးသွန်းရုပ်ရှင်တော်မြတ်ကြီးအား အနေကဇာတင် မင်္ဂလာကျင်းပသည်။

ထို့နောက်လှူဒါန်းမှုအစုစုတို့အတွက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသက သီလပေးတရားချီးမြှင့်ပြီး ကလေးဝတောရစာသင်တိုက် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။ (က-ပ)

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း အမျိုးသား၊အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်နံနက် ၁၀နာရီတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၃သင်းနှင့် အမျိုးသမီးအသင်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင်ကျင်းပရာ ပြိုင်ပွဲ အမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မဥ္ဇူထွန်းမြင့်ကုမ္ပဏီ၊ ဘုတ်ဆုံမ၊ အိမ်ရှင်မ၊ ဂွတ်ရှယ် ငရုတ်သီးမှုန့် ရောင်းဝယ်ရေး၏ ဖိတ်ကြားလွှာ

ဘုရားအလှူ၊ ဘုရားရွှေထီးတော်တင်၊ သိမ်တော်ကြီးရေစက်ချ၊ ကျောင်းကြီးအလှူ၊ သိက္ခာထပ်၊ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်၊ နားသအလှူတော်မင်္ဂလာကို ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေး၊အလှူ့ဒါယကာ ဦးအန့်ကူ(ခ) ဦးထွန်းမြင့်-အလှူ့ဒါယိကာမ ဒေါ်စန်းစန်းဦး၊ သမီးမမြမဥ္ဇူ တို့က ၂၉-၂-၂၀၀၈ နှင့်၁-၃-၂၀၀၈ နေ့တွင် မဟာသီဟနာဒ တိုက်ကျောင်း၊ ကင်းဝန်မင်းကြီးလမ်း သောင်ကြီးလေးရပ်၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်တို့နှင့်အတူ တရားတော်နာ၊ ရေစက်ချ အမျှပေးဝေ သာဓုအနုမောဒနာ ခေါ်ဆို နိုင်ကြပါရန် ဘုတ်ဆုံမ၏ စားသုံးသူ ကျေးဇူးရှင်အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ဘုတ်ဆုံမ၊ အိမ်ရှင်မ၊ ဂွတ်ရှယ်၊ ငရုတ်သီးမှုန့်ရောင်းဝယ်ရေး။

## တွေ့မရှောင်နှင့် ဒေါင်းညိုလေး၊ ဝင်းထွန်းနှင့်စောဇော်လွင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ အဆုံးအဖြတ်ထိုးသတ်မည်

ဇင်လင်းထွန်း(နေပြည်)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ယူစီစဉ်၍ Calsome ကွေကာ (MDG Co., Ltd.)၏ အဓိက ကူညီပံ့ပိုးမှုဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို မတ် ၁ ရက်နှင့် ၂ရက် (စနေ၊ တနင်္ဂနွေ)နေ့ မွန်းလွဲ ၂နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ ရွှေခါးပတ်ချန်ပီယံများ၊ ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရှင်များ ရင်ဆိုင် ယှဉ်ပြိုင်ကြမည့် ပွဲကောင်းများ ပါဝင်မည်ဖြစ်သည်။**

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ စီစဉ်သော ရိုးရာလက်ဝှေ့ပွဲများသည် ပထမတန်းပွဲကြီး မပါဝင်သော်လည်း သူ့အတန်းနှင့်သူ လက်ဝှေ့ကျော်များ အသည်းချင်းပေါက်ကြသောကြောင့် ပရိသတ်နှစ်သက်ခဲ့သော အစဉ်အလာရှိသည်။ ယမန်နှစ် မေလက စီစဉ်ခဲ့သော ကျိုက္ကဆံပွဲသည် ပရိသတ် သည်းခြေကိုက်ဖြစ်ခဲ့၍ "ကျိုက္ကဆံမှ လက်သီးမိုး"အမည်ဖြင့် ဗွီစီဒီထုတ်လုပ်သော အခါတွင်လည်း ပရိသတ် နှစ်သက်အားပေးမှုရခဲ့သည်။

ယခုပွဲတွင်လည်း ပထမနေ့ အဓိကစိန်ခေါ်ပွဲကြီးအဖြစ် ၂၀၀၇ လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ အကောင်းဆုံး လက်ဝှေ့သမား တွေ့မရှောင် K.L.N နှင့် ၂၀၀၆ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့် ရွှေတံဆိပ်ရှင်၊ Royal Lipo အကောင်းဆုံး လက်ဝှေ့သမား၊ Nissan အကောင်းဆုံး လက်ဝှေ့သမား ဒေါင်းညိုလေး (ဒေါင်းမြန်မာ)တို့ ရင်ဆိုင်ယှဉ်ပြိုင်ကြမည်။

၎င်းတို့နှစ်ဦးသည် တွံတေးတွင် နှစ်ကြိမ်၊ မုဒုံမြို့နယ်တွင် တစ်ကြိမ်တွေ့ဆုံခဲ့ကြပြီး သရေပွဲဖြစ်ခဲ့သည်။ ယခုပွဲတွင် အဖြူအမည်းသဲကွဲအောင် ယှဉ်ပြိုင်သွားမည်ဟု လက်ဝှေ့သမားနှစ်ဦးစလုံးက ကြိမ်းဝါးထားကြသည်။ ဒေါင်းညိုလေးက ဘယ်ညာဖြောင့်လက်သီး အတိုအသွက်များကို အတွဲလိုက်ထိုး တတ်ပြီး တံတောင်ရိုက်ချက်များ သပ်ရပ်တိကျသည်။ အပူးအချုပ်တွင်လည်း လုပ်တတ်ကိုင်တတ်ရှိသည်။ တွေ့မရှောင်က နာမည်နှင့်လိုက်အောင်ပင် ပြိုင်ဘက်၏ လက်သီးများကို မရှောင်မတိမ်း တိုးဝင်ပြီး ပြင်းထန်သော ဘယ်ညာ ဝိုက်လက်သီးများကို ပစ်သွင်းတတ်သည်။ ထို့ပြင် မြန်ဆန်ပြင်းထန်သော ဘယ်ဖြတ်ခြေဖြင့် လျှပ်တစ်ပြက် ကန်ချက်ကလည်း ပွဲပြီးစေနိုင်သည်။

ဒုတိယနေ့ အဓိက စိန်ခေါ်ပွဲကြီးအဖြစ် (၃)ထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)နှင့်ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် စောဇော်လွင် (ရွှေလက်ရာ)တို့ ယှဉ်ပြိုင်ကြမည်။ မူလ စီစဉ်ခဲ့စဉ်က ဝင်းထွန်းနှင့် ဂျပန်ပြန် စောဖွဲ့လေးတို့စိန်ခေါ်ထိုးသတ်ရန် ဖြစ်သော်လည်း ဇောဖွဲ့လေးက ဖေဖော်ဝါရီ ၁၁ ရက် မန္တလေးပွဲတွင် ဒေါင်းညိုလေးနှင့်ယှဉ်ပြိုင်ရာ၌ ဒဏ်ရာရရှိသွား၍ ယခုပွဲကို မယှဉ်ပြိုင်နိုင်တော့သည့်အတွက် စောဇော်လွင်ကဝင်ရောက် စိန်ခေါ်လာခြင်းဖြစ်သည်။

ဝင်းထွန်းနှင့် စောဇော်လွင်တို့သည် ယခင်က နှစ်ကြိမ်တိုင်တွေ့ဆုံခဲ့ကြပြီး သရေပွဲများဖြစ်ခဲ့သည်။ ဝင်းထွန်းက ဒုတိယတန်းတွင် ဘုရင်တစ်ဆူမင်းမူနိုင်သော လက်ဝှေ့သမား ဖြစ်သကဲ့သို့ စောဇော်လွင်ကလည်း ရွှေခါးပတ်ချန်ပီယံသန့်ဇင်ထွန်းကို အနိုင်ယူခဲ့ပြီး ရွှေခါးပတ် ချန်ပီယံများဖြစ်သော အိန္ဒြမောင်မောင်၊ သူရဲအောင်၊ တွေ့မရှောင်တို့အား ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ဖူးသည့် ဝါရင့်လက်ဝှေ့သမားဖြစ်သည်။ ယခု ပထမတန်းလက်ဝှေ့ကျော်ဖြစ်နေသည့် ရန်ကြီးအောင်သည်ပင် ၂၀၀၅ခုနှစ် ကယားပြည်နယ်နေ့ပွဲ (လွိုင်ကော်)တွင် စောဇော်လွင်အား သရေပွဲရရန် အပြင်းအထန်ရင်ဆိုင်ခဲ့ရဖူးသည်။ စောဇော်လွင်၏ပြင်းထန်သော ဘယ်ပတ်ခြေကန်ချက်အား ပြိုင်ဘက်များအထူးသတိထားရသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေပွဲ ပထမနေ့တွင် တွေ့ဆုံမည့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် စောဂပရေမှူး (တွံတေး)နှင့် မြနန်းတော် (မြန်မာပြည်သား) တို့သည် လွန်ခဲ့သည့် တစ်နှစ်က အင်းစိန်တွင်တွေ့ဆုံခဲ့ရာ မြနန်းတော်က အလဲထိုး အနိုင်ယူကာ ထက်လင်း အကောင်းဆုံး လက်ဝှေ့သမားဆုကို ရရှိခဲ့သဖြင့် စောဂပရေမှူးက ယခုပွဲ၌ ပြန်လည်စိန်ခေါ်လာ ခြင်းဖြစ်သည်။

ဒုတိယနေ့တွေ့ဆုံမည့် ရွှေခါးပတ် ချန်ပီယံ ဒေါနအောင် (ရွှေလက်ရာ)နှင့် ပြည်နယ်/တိုင်း အကောင်းဆုံး လက်ဝှေ့သမား၊ (က)အဆင့် ရွှေတံဆိပ်ရှင် ရှမ်းသွေးလေး(ဒေါင်းမြန်မာ)တို့သည် တွံတေးတွင် တွေ့ဆုံခဲ့ရာ ရှမ်းသွေးလေးက အစီးသရေ ထိုးသတ်နိုင်ခဲ့သဖြင့် ယခုပွဲ၌ ဒေါနအောင်က အပီအပြင် ထိုးသတ်ရတော့မည် ဖြစ်သည်။ ပြိုင်ဘက်များကို ပြင်းထန်သော ဝိုက်လက်သီးများဖြင့် စက္ကန့်ပိုင်းအတွင်း အလဲထိုးလေ့ရှိသော ကြောင့် ဝါးရင်းတုတ်ဖိုးကေဟု နာမည်ရထားသူ ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် ဖိုးကေ(မန္တလေး) နှင့် မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)တို့သည် ညောင်ဦးမြို့ သီတင်းကျွတ်ပွဲတွင် ဆုံခဲ့ကြစဉ် မိုက်ခဲကျောက်ပွင့်၏ကပ်ဖိ သတ်ကွက်ကြောင့် ဖိုးကေ အရှုံးပေးခဲ့ရသည်။ ယခုပွဲတွင် အလဲထိုးပြမည်ဟု ဖိုးကေက ကြုံးဝါးထားသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေလက်ဝှေ့ပွဲတွင် နေ့စဉ်ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲနှင့် အထူးသုံးချီပွဲ၊ နှစ်ပွဲစီစဉ်ထားပြီး ဝင်ကြေးမှာ ကျပ် ၃၀၀၀နှင့် ကျပ်၅၀၀၀ သတ်မှတ်ထားသည်။

ဝင်းထွန်း (လယ်/ဆည်)

စောဇော်လွင်

တွေ့မရှောင် (K.L.N)

ဒေါင်းညိုလေး (ဒေါင်းမြန်မာ)

## ဘိုကလေးမြို့နယ် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

၂၀၀၈ခုနှစ်၊ မတ်လ၁ရက်နေ့တွင် ဘိုကလေးမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်ပွဲ၊ ပညာရည်ချွန်ဆုနှင်းသဘင်၊ သက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော်မှ ဂုဏ်ထူးဘွဲ့ထူးချီးမြှင့်ခံကြရသော ပုဂ္ဂိုလ်များအားဂုဏ်ပြုပွဲ ကျင်းပမည်ဖြစ်ပါသောကြောင့် အသင်းဓမ္မာရုံသို့ မတ် ၁ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ နေထိုင်ကြသော ဘိုကလေးမြို့နယ်သူ၊ မြို့နယ်သား များ အင်တိုက်အားတိုက် တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာမေတ္တာ ရပ်ခံပါသည်။

**ဗိုလ်ကလေးတင့်အောင် နာယက၊**
**ဘိုကလေးမြို့နယ်အသင်း။**

## The Live News ဂျာနယ် အမှတ် (၇၃) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့်အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ် (၇၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အိုကီနာဝါမှ အမေရိကန်စစ်သား လူရမ်းကားများ၊ ထောက်ခံမှုတွေတဖြည်းဖြည်း ကျဆင်းလာတဲ့ သမ္မတကြီးဆာကိုဇီ၊ ပထမဦးဆုံးအကြိမ် စတင်စမ်းသပ်ပစ်ခတ်တဲ့ အိန္ဒိယရေအောက်ဒုံးကျည်၊ ဘဲလ်ဂရိတ်ရှိ အမေရိကန်သံရုံးမီးရှို့ခံရ၊ ဂျွန်မက်ကိန်းအရှုပ်ထုပ် အပုပ်နံ့ပေါ်ထွက်လာ၊ ရွေးကောက်ပွဲအလွန်ပါကစ္စတန်နိုင်ငံရေး၊ ကိုဆိုဗိုခွဲထွက်မှုပြဿနာတစ်ခု၏အစ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းမှ လောင်စာဆီ ထုတ်လုပ်နိုင်ရန် မြန်မာအင်ဂျင်နီယာများ စီစဉ်မည်၊ ရန်ကုန်အခြေခံ ကမ်းရိုးတန်းသွားရေယာဉ်များ MO မပါရှိဘဲ ထွက်ခွာကြောင်း စစ်ဆေးတွေ့ရှိရ ပါကတည်ဆဲဥပဒေအရ အရေးယူခံရမည်၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ငါးတန်အသားလွှာကို ရုရှားနိုင်ငံမှ လစဉ်ဝယ်ယူသွားရန်ရှိ၊ ဝါသနာနှင့် ခရီးဆက်နေတဲ့ ကာတွန်းမလေးများ၊ ရေပွက်ပမာ တစ်သက်လျာ၊ လမ်းပေါ်က အတွေးများ(၉)၊ ရုပ်ချင်သလိုရုပ်သောကားများ၊ ပြည်လမ်းနဲ့ အင်းစိန်လမ်းရဲ့ ဆက်ကြောင်းဖြစ်တဲ့ ကျိုက်ဝိုင်းဘုရားလမ်း၊ တက္ကစီမင်းနှင့်သံသယသားကောင်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို ဦးကို၊ မြင်းမှူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာ ကိမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## စိန်ထည်နှင့်ရွှေတုံးခိုးယူသူအား အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဇန်နဝါရီ ၈ရက် နံနက် ၇နာရီခန့်က ပန်းဘဲတန်းမြို့နယ် (၆)ရပ်ကွက် ရွှေဘုံသာလမ်းနေ ဒေါ်စိုးစိုးသန်းသည် စိန်ထည်ပစ္စည်း ငါးမျိုး၊ တစ်တုံးလျှင် အလေးချိန် ၁၀ကျပ်သားရှိ အခေါက်ရွှေတုံး သုံးတုံး၊ ငွေကျပ် ၆၀၀၀၀ (စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၅၀၀)ခန့်ကို ပိုက်ဆံအိတ်အတွင်းထည့်ကာ နေအိမ်အဝင်ဝ ထိုင်ခုံပေါ်တွင် တင်ထားပြီး နေအိမ်ကို သန့်ရှင်းရေးပြုလုပ်ခဲ့သည်။ တိုက်ခန်းလုံခြုံရေး တာဝန်ပေးထားသူ လှငွေ ရောက်လာသဖြင့် အိတ်အတွင်းမှ ငွေကျပ် ၂၀၀ထုတ်ပေးပြီး ၁၅မိနစ်ခန့် အိပ်ပျော်သွားရာမှ အိပ်ယာနိုး၍ ထိုင်ခုံပေါ်တင်ထားသော ပစ္စည်းထည့်ထားသည့် ပိုက်ဆံအိတ်ကို ကြည့်ရှုရာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ပန်းဘဲတန်းရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

ပန်းဘဲတန်းရဲစခန်းက စုံစမ်းဖော်ထုတ်ခဲ့ရာ ပစ္စည်းထည့်ထားသည့်အိတ်ကို ခိုးယူသူမှာ တိုက်ခန်းလုံခြုံရေးတာဝန်ပေးထားသူ လှငွေ (၆)နံပါတ် ရပ်ကွက်၊ ဒလမြို့နယ်နေသူဖြစ်ပြီး သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပစ္စည်းခိုးယူသူ လှငွေအား ပန်းဘဲတန်းရဲစခန်းက (ပ)၆၈/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ ဖြင့် အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အိပ်ပျော်နေသည့်ခင်ပွန်းအား ဇနီးဖြစ်သူကသတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက် ရွာမကန်ရပ်နေ မစောသန္တာ (၂၉)နှစ် (ဈေးရောင်း)သည် ဖေဖော်ဝါရီ ၂၅ရက် ည ၁နာရီခန့်က အိပ်ပျော်နေသည့် ခင်ပွန်းဖြစ်သူ သန်းထွန်းအောင် (၃၃)နှစ် (တောင်သူ)အား အရှည်ခြောက်ပေခန့်ရှိ (၇၀၂၉)ဝါယာကြိုးအခွေဖြင့် လည်ပင်းညှစ်သတ်ခဲ့သဖြင့် သန်းထွန်းအောင်မှာ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်းထွန်းအောင်၏အစ်မဖြစ်သူ မစန်းစန်းညွှန့်က မင်းဘူးမြို့နယ်ရဲစခန်းသို့ တိုင်ကြားခဲ့ရာ ရဲစခန်းက မစောသန္တာအား (ပ)သတင်းချက်အမှတ် ၃၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျိုက္ကစံဘုရားပွဲတွင် အော်ဟစ်သောင်းကျန်းသူအား အမှုဖွင့်အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံအနောက်ရပ်ကွက် ကျိုက္ကစံဘုရားပွဲတွင် ဖေဖော်ဝါရီ ၂၆ရက်ညနေ ၄နာရီခန့်က ဘုရားပွဲအတွင်း လူတစ်ဦး အော်ဟစ်သောင်းကျန်းနေပြီး ဈေးဗန်းများအား လိုက်လံကန်ကျောက်နေသဖြင့် သဃ်န်းကျွန်းမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူများသည် သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။ ၎င်းမှာ ခင်မောင်ဌေး(၃၂)နှစ်(ဘ)ဦးဌေးအောင်(ကျပန်း) အမှတ်(၆၇) အင်ကြင်းလမ်း နှင်းဆီကုန်း (က) ရပ်ကွက် သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ်နေသူဖြစ်ပြီး ပွဲခင်းအတွင်း စစ်ဝတ်စုံဝတ်ဆင်၍ အယောင်ဆောင်ကာ ဈေးသည်များအား နှောင့်ယှက်နေကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းအား သဃ်န်းကျွန်းမြို့နယ် ရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၂၁၄/၂၀၀၈ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ၏ ဒုတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဘဏ်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် ကိုမျိုးမင်းဦး ဖုန်း–၀၉၈၉၂၆၂၉၇၊ မခင်လတ်လတ်ထွန်း ဖုန်း–၀၉၅၁၁၆၅၄၄၊ မထားအိဝင်း ဖုန်း–၀၉၅၁၀၂၆၆၈၊ မပန်းဖြူမွေ့ ဖုန်း–၀၉၈၉၇၃၄၈၀၊ ကိုဇော်မင်းလွင် ဖုန်း–၀၉၅၁၉၆၉၇၂၊ မခိုင်မျိုးဝင်း ဖုန်း–၅၃၇၅၂၀၊ ကိုဇော်ထိုက် ဖုန်း–၀၉၅၀၃၁၅၁၉၊ မခိုင်သူဆွေ ဖုန်း–၅၅၅၇၅၄၊ မမေမြတ်သောင်း ဖုန်း–၅၇၀၃၇၂၊ မဝါဝါတင် ဖုန်း–၀၉၅၁၃၃၆၂၇၊ မကြည်ကြည်သန့် ဖုန်း–၀၉၅၁၈၁၅၂၀၊ မမျိုးမြတ်မွန် ဖုန်း–၃၈၁၇၃၃၊ မသူဇာဝင်း ဖုန်း–၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မအိအိဖြိုး ဖုန်း–၅၄၃၅၉၉ နှင့် မကျင်ကျင်ဆွိ ဖုန်း–၀၉၅၀၂၆၃၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)


## အများသိစေရန်ကြေညာချက်

Focus Energy Ltd(B.V.I)၏ ရန်ကုန်ရုံးခွဲအား ၂၀၀၈ခုနှစ် မတ်(၃)ရက်မှစ၍ ဆူးလေဘုရားလမ်း၊ ဆာကူရာတာဝါ ၁၂ထပ်၊ အခန်း အမှတ် ၁၂၀၃၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ ဖွင့်လှစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့၏ ၁၇–၁၀–၂၀၀၇ နှင့် ၂၀–၁၁–၂၀၀၇ နေ့စွဲပါ ဆုံးဖြတ်ချက်များအရ Focus Energy Limited ရန်ကုန်ရုံးခွဲတွင် Mr. Michael Scott-Smith အား ဒါရိုက်တာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်ချုပ်အဖြစ်လည်းကောင်း၊ Mr.Lamont Unni Christen အား ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဦးဒေါ်နယ်ဝင်းမြင့် (Mr. Donald Win Myint)အား ယာယီကြားဖြတ် အထွေထွေမန်နေဂျာအဖြစ်လည်းကောင်း အသီးသီးခန့်အပ်လိုက်သည်။

Focus Energy Limited (Yangon) Branch ၏

**လွှဲအပ်ညွှန်ကြားချက်အရ–**
**တင်ဥမ္မာထွန်း (တရားရုံးချုပ် ရှေ့နေ)**
B.A(Law), LL.B,LL.M(UK)
**လိုင်စင်အမှတ် ၂၂၀၇**
LEGAL REPRESENTATIVE
Mr. Michael Scott-Smith &
Mr. Lamont Unni Christen
Telephone: (951) 723043
**၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၉**



စာမေးပွဲဖြေဆိုနိုင်ဖို့ဘုရားနှုတ်ထွက်သုတ်တော်နဲ့အတူ ထူးခြားဖြစ်ရပ်ဆန်းများနဲ့
**ဘုရားလေးဆူဂါထာ၊**
**အစ်မတော်မြနန်းနွယ်၊နဂါးမယ်တော်၊သူရဿတီမယ်တော်**
ဂါထာ၊ အစီရင်၊ ယတြာ
ဘဇော် ပူဇော်သည်
ထွက်ပြီ



ကြာကြာဝါးချင်သူများအတွက်...
မော်လီဆွတ် ထွက်ပါပြီ

- သတ္တုအံကပ်၊ ပလတ်စတစ်အံကပ်။
- ခံတွင်းကျန်းမာရေး ဘယ်လောက်အရေးကြီးသလဲ။
- သွားပေါက်ခြင်းနှင့် သွားကျိုးခြင်း။
- ဘေဘီလေးတို့ရဲ့သွား။ သွားပေါက်ဝေဒနာများ။
- အသက် ၆၀ အထက် သွားကျန်းမာရေး။
- သွားမြစ်တွင်း ကုသမှု... သွားကျန်းမာရေးနှင့်

လစဉ်ပါနေကျ အလှအပနှင့် ကျန်းမာရေးဆောင်းပါးများ ...

အလှအပနှင့် ကျန်းမာရေး
**health for ALL** magazine

အမှတ် (၂၀၅)၊ ၅/၆ လွှာ၊ ၃၅လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၆၆၁၇၊ ၀၉ ၉၉ ၇၂၂၂၁၊ ၀၉ ၅၁၄ ၉၆၇၄



၁၉၇၃–၇၇ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
ဓာတုဗေဒ အဓိက
ကျောင်းသား/ကျောင်းသူ ဟောင်းများ ၏
**ကျောင်းပြီး နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်**
**တွေ့ဆုံပွဲများ**

၂၀၀၈ မတ်လ ၂၉ (စနေနေ့)
နေ့ပွဲ မန္တလေး မြို့တော်ခန်းမ
ညပွဲ မန္တလေး Oriental House

ဆက်သွယ်ပါရန်
အေးကိုကို ၀၂.၃၂၉၅၂၊ ၀၂.၆၄၂၅၀၊ ၀၉.၂၀၀၇၄၁၇
တင်တင်အောင် ၀၂.၃၁၂၉၆၊ ၀၉.၂၀၀၃၁၆၁
ဝေလွင် ၀၂.၃၁၃၆၆၊ ၀၉.၂၀၃၄၈၂၄
မာလာ ၀၂.၃၃၈၃၇၊ ၀၉.၂၀၀၃၄၈၈
ခင်နှင်းရီ ၀၂.၇၃၉၀၇၊ ၀၂.၆၅၈၃၃၊ ၀၉.၂၀၄၄၂၂၀



## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးတင်မြင့်–ဒေါ်စမ်းစမ်းကြွယ်(မြန်နန်းထိုက်စတိုး)တို့၏
တစ်ဦးတည်းသောသား
**မောင်ဇာဏီမျိုးနောင်**
B.A(Business), Research in Venture Business Kokushikan University, Tokyo, Japan.
နှင့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ (Hei Long Jiang) မြို့နေ
Mr. Piao Chong Yuan-Mrs. Shen Ren Shun
တို့၏သမီးကြီး
Piao Lusha (Rosa)
B.A(Asia Design), M.A (Global Asia) Kokushikan University, Tokyo, Japan.

တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ Machida City Office ၌ (၂၄–၁–၂၀၀၈) နေ့တွင် နှစ်ဖက်သောမိဘတို့၏ သဘောတူချက်ဖြင့် လက်ထပ်ပြီးစီးကြောင်း ကြေညာအပ်ပါသည်။

**BEC International**
4 Skills English for every Student
➢ Summer English Courses
➢ Basic Computer Course
Bonus Chinese(Mandarin) Speaking
Commence from March 17th
Enroll Now at 62, Yaw Min Gyi St, Dagon Tsp, Yangon.
☎: 241939,09-500-0698



## ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၄က/၃၉၇၀ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်ကို မြင်သာ ကညနရုံးဝင်းအတွင်း ၂၈–၂–၂၀၀၈နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပါ။

**ဒေါ်သီသီဌေး**
**ဖုန်း–၆၆၁၉၅၂၊၀၉–၅၁၁–၅၇၉၅**



## အမည်ပြောင်းခြင်း

အဘ ဦးခင်မောင်လွင်၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ် အမှတ် [၁၂/အစန(နိုင်) ၀၆၉၄၂၆] ကိုင်ဆောင်သူ မတိုးနန္ဒာလွင်အား ယနေ့မှစ၍ Toe Nandar Gombkoto ဟု ပြောင်းလဲခေါ်ပါရန်။ Toe Nandar Gombkoto
**[၁၂/အစန(နိုင်) ၀၆၉၄၂၆]**



## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၅၆၇ Hin-oranger FD 178 B ယာဉ် လက်ဝယ်ရှိသူအမည် ဦးတိုးစိန်၊ မှတ်ပုံတင်အမှတ် [၅/ငဇန (နိုင်) ၀၃၉၁၂၈] မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ခရိုင်ရုံး(စစ်ကိုင်းမြို့)**



**Gold Roast Gold HIP HOP FESTIVAL**
စိုင်းစိုင်းခမ်းလှိုင်၊ J- me ၊ ရဲလေး၊ ရသ၊ ကြက်ဖ
YUZANA GARDEN HOTEL
2-3-08(Sun) 6:00 PM
လက်မှတ်အရောင်းဌာန -NoBody, Uncle San ( FMI, Dagon, Yankin, Conqueror ( La Pyae Wunn)
ဝင်ကြေး ၅၀၀၀ ကျပ်
လက်မှတ်များကို သတ်မှတ်ထားသောအရောင်းဌာနများတွင်သာ ဝယ်ယူအားပေးပါရန်။
ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ ၊ 09-99 70282 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော် **ဖွန်သီ**
သလိပ်ပျော်အသံကောင်းဆေးနဲ့
လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း:- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ဇော်ပိုင်စိုး [ရကန(နိုင်) ၀၆၁၈၉၂] သည် မိဘများအားစိတ်ဆင်းရဲအောင် အရှက်တကွဲဖြစ်စေသောကိစ္စကို ပြုမူဆောင်ရွက်ပါသဖြင့် (၂၆–၂–၂၀၀၈)နေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**စုံစမ်းခြင်းသည်းခံပါ။**
**ဦးအုန်းသွင်–ဒေါ်ကြည်ကြည်မြင့်**

**လျှပ်စစ်သုံးလျှင် သတိယှဉ်၍**
**ဝန်အားမချ မသုံးရ**

## ကုန်အမှတ်တံဆိပ်နှင့်အမည်အမှတ်အသားအသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်–၉၇၊သိမ်ဖြူလမ်းနေ ဒေါ်တင်ထားဝင်း(၁၂/ကတတ(နိုင်) ၀၀၂၄၆၉)သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

SODA — မှတ်ပုံတင်အမှတ် ၅၃၃၂/၁၉၉၇

SUMMIT — မှတ်ပုံတင်အမှတ် ၄၃၅/၂၀၀၈

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် အဝတ်အထည်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလက်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူးနှင့် ထည့်သွင်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများအစရှိသည်တို့အပေါ်တွင် အသားတံဆိပ်အမျိုးမျိုး အစရှိသည်တို့ကို ဖိနှိပ်၊ကပ်နှိပ်၊ရိုက်နှိပ်၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချနေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်တင်ထားဝင်းတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ဆင်တူရိုးမှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်း၊တင်သွင်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် တုပပြုလုပ်သုံးစွဲခြင်းကို အားပေးကူညီခြင်းများ မပြုလုပ်ကြရန် အသိပေးကြေငြာအပ်ပါသည်။

အကယ်၍လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒေါ်တင်ထားဝင်း၏လုပ်ငန်းနှင့် စပ်လျဉ်းသည့်အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဒေါ်တင်ထားဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်နှင်းဝေအောင်(LLB,DBL,DML,DIL)
အထက်တန်းရှေ့နေ (စဉ်–၂၄၀၁၀)

ဒေါ်ကျော့ကျော့လှိုင် (LLB,LLM,DIL)
တရားရုံးချုပ်ရှေ့နေ (စဉ်–၇၀၉၉)

၅၂၄(ဘီ)၊ ၃၃လမ်းနှင့်ကုန်သည်လမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၉၉၂၅၂၂

## ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ဆက်သွယ်ရေးလုပ်ငန်း အရည်အသွေးကောင်းမွန်တိုးတက်ရေး လိုအပ်သည်များ ဖြည့်ဆည်းပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၂၂ရက်နံနက်ပိုင်းတွင် ကချင်ပြည်နယ်မြစ်ကြီးနားမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြည်နယ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအားတွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းအရည်အသွေးကောင်းမွန်တိုးတက်မှုဆိုင်ရာများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ယင်းမှတစ်ဆင့် ဝန်ကြီးသည် မြစ်ကြီးနားမြို့ ဆက်သွယ်ရေးစခန်း၌ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ၂၃ရက်တွင် ကချင်ပြည်နယ်ဆဒုံးမြို့ ဆက်သွယ်ရေးအိတ်ချိန်းစခန်းနှင့် ဝိုင်းမော်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းတို့သို့ သွားရောက်၍ ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဖေဖော်ဝါရီ၂၄ရက်တွင် မြစ်ကြီးနားခရိုင် တာလောကြီးကျေးရွာနှင့် ဆင်ဘိုမြို့သို့လည်းကောင်း၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့ ဆက်သွယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (ဆက်သွယ်ရေး)

## တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံစာဖြေဌာန သုံးခုဖွင့်လှစ်ရန် စီစဉ်ထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၀၈ခုနှစ်၊ မတ်၁၀ရက်မှ ၁၉ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား၊ ကျောင်းသူ (အတွင်းလူနာ) များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေး အရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်အကူအညီတောင်းခံနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

**ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း**

ရေငုပ်သင်္ဘောမှပစ်နိုင်သည့် ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်သတင်းနှင့် တူရကီစစ်ရေး၊ အစ္စရေး-ဟားမတ်စ် သတင်းများ စာမျက်နှာ- ၄၊၅

သာသနာ့အမွေခံ လက်မှုပညာရှင်များ သတင်း၊ ဆောင်းပါး စာမျက်နှာ- ၁၀

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စာမျက်နှာ- ၁၁

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား